# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၆)


# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်မှုလုပ်ငန်းနှင့် ကြာမောက်ကြာလန်တို့တွင် ရွှေစင်ရွှေသားရွှေပြား သင်္ကန်းတော်များ ကပ်လှူပူဇော်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ရန်ကုန် မေ ၈

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးမြေတွင် တည်ထားကိုးကွယ်လျက်ရှိသော ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာစေတီတော်၌ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူမှုလုပ်ငန်းနှင့် ကြာမောက်ကြာလန်တို့တွင် ရွှေစင်ရွှေသားရွှေပြား သင်္ကန်းတော်များ ကပ်လှူပူဇော်မှုလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး ပြီးစီးအောင်မြင်ပြီး ဖြစ်ကြောင်း သိရသည်။

လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်မှုလုပ်ငန်းများကို လေးနှစ်တစ်ကြိမ် ပုံမှန်ကပ်လှူရသော လုပ်ငန်းဖြစ်သောကြောင့် ကြာမောက်ကြာလန်၌ ယခင်က မျက်ပါးရွှေသင်္ကန်းသာ ကပ်လှူထားရာမှ


*စာမျက်နှာ ၅ ကော်လံ ၁* ❁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ — ပြည်တွင်းသတင်း စာ - ၄

တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲမှသည် တပ်မတော်ဆေးတပ်ဖွဲ့၏ ဂုဏ်ကိုထွန်းလင်းတောက်ပစေလျက်. . . . — ဆောင်းပါး စာ - ၆

ရေဝပ်ဒေသ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲစုံရာ မိုးယွန်းကြီးအင်းဘေးမဲ့တော — ဆောင်းပါး စာ - ၁၀

သရက်ခရိုင်အတွင်းရှိ ကျေးရွာ ၅၀ ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တိုးချဲ့ဆောင်ရွက်မည် — ပြည်တွင်းသတင်း စာ - ၂၂


## ဆိုင်ကလုန်းမုန်တိုင်း“အာစန်နီ” အနောက်မြောက်ဘက်သို့ ရွေ့လျား

နေပြည်တော် မေ ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “အာစန်နီ” သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပို့ပလဲယား၏ အနောက်ဘက် ရေမိုင် ၂၇၀ ခန့်၊ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၅၀ ခန့်၊ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက်


*စာမျက်နှာ ၅ ကော်လံ ၁* ❒




# အခွင့်အရေးနှင့် တာဝန်

အခွင့်အရေးဟူသည် တရားသဖြင့် ရသင့်ရထိုက်သော အကျိုးခံစားခွင့်ဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းရှိ လူတစ်ဦးချင်းစီအား ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအကြောင်းတရားလည်း ဖြစ်သည်။ အခွင့်အရေးနှင့်အတူ တာဝန်ဝတ္တရားကလည်း ယှဉ်တွဲလျက်ရှိနေရာ အခွင့်အရေးတစ်ရပ်ကို ရယူသုံးစွဲပါက ယင်းနှင့်အတူ ရှိနေသည့် တာဝန်ကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများအတွက် အခွင့်အရေးများစွာတို့ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြဋ္ဌာန်းထားရာ ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးကြရမည်ဖြစ်သကဲ့သို့ပင် နိုင်ငံနှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်မှ နိုင်ငံသားကောင်းတာဝန် ကျေပွန်ကြမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးချိန်မှစပြီး လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်ကိုလည်း ဥပဒေနှင့်အညီ ခွင့်ပြုပေးခဲ့ခြင်းကြောင့် စာအုပ်ထုတ်ဝေမှု လုပ်ငန်းများမှာလည်း ကြီးမားသည့်အရွေ့ဖြစ်ပေါ်ခဲ့သည်။ တစ်ခေတ်တစ်ခါက စာပေမူဝါဒကြောင့် ထုတ်ဝေခွင့်မရခဲ့သည့် စာအုပ်များ ထွက်လာသလို စာအုပ်အဟောင်းများထဲမှ စာကောင်းပေကောင်း အမြောက်အမြားကိုလည်း ပြန်လည်ပုံနှိပ်ထုတ်ဝေလာကြခြင်းကြောင့် စာအုပ်အရောင်းဆိုင်များနှင့် ကုန်တိုက်ကြီးများ၏ စာအုပ်အရောင်းစင်များတွင် ဖတ်ချင်စဖွယ် စာအုပ်ကောင်းများကို အားပါးတရ တွေ့မြင်ကြရသည်။ ထို့အပြင် ကလောင်အသစ်များ၏ စာအုပ်အသစ်များ၊ ကိုယ်တိုင်ရေးနှင့် ဘာသာပြန်များ၊ သုတရသ အကြောင်းအရာစုံ၊ အရောင်အသွေးစုံ စာအုပ်များစွာတို့လည်း အပတ်စဉ်၊ လစဉ် အပြိုင်းအရိုင်းပေါ်ထွက်လာကြသည်။ ဤသည်မှာ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်ကြောင့် ဖြစ်ပေါ်လာရသည့် ရလဒ်ပင်ဖြစ်သည်။

သို့ရာတွင် မိမိတို့၏ အခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲကြရာ၌ မြန်မာ့လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေရန်၊ တရားဥပဒေစိုးမိုးရေး မပျက်ပြားစေရန်၊ လူတစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ကိုးကွယ်ရာဘာသာ တစ်ခုနှင့်တစ်ခုအကြား အမုန်းမပွားစေရန်၊ ယဉ်ကျေးမှုနှင့် ဟီရိသြတ္တပ္ပ တရားတို့ကို မထိပါးစေရန် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီသာ ရေးသားပုံနှိပ်ထုတ်ဝေကြရမှာ ဖြစ်သည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏ ပစ္စက္ခကာလ ပကတိအခြေအနေများနှင့်အညီ နိုင်ငံအတွင်း အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားရေး၊ နိုင်ငံသူနိုင်ငံသားတို့၏ ယဉ်ကျေးမှုနှင့် စာရိတ္တမြှင့်တင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် သုတ ရသ စာကောင်းပေမွန်များ ထွက်ပေါ်လာစေရန် စာပေတာဝန် ကျေပွန်သင့်လှသည်။

မြန်မာလူမျိုးတို့မှာ စာပေကို လေးစားတန်ဖိုးထားကြသူများ ဖြစ်ကြသည့်အလျောက် စာပေတွင် မှတ်ဖွယ်မှတ်ရာ အလိမ္မာတို့သာ ပါရှိသည်ဟူ၍ ရှေးကပင်အယူရှိခဲ့ကြသည်။ သိမြင်ကင်းကွာ၊ မလိမ္မာသူတို့ပင်လျှင် စာပေစကားနေ့တိုင်းကြားက ထူးခြားလိမ္မာရှိလာစေသည်ဟူ၍လည်း ယုံကြည်ထားကြသူများဖြစ်ရာ စာပေရေးသားခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့ဖြင့် မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးကြောင်း၊ တိုးတက်ကြောင်း၊ မြင့်မားကြောင်း စသည့် ကောင်းရာကောင်းကျိုးတို့ကို သယ်ပိုးနိုင်ပါစေကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်း တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမ ဘုရားကြီးတိုက်သို့လည်းကောင်း **(ယာပုံ)**၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အင်းဝကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ မြို့မဘုရားကြီးကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံး ပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို** “တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)” ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်လိုအပ်ကြောင်း၊ မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စွာ နေထိုင်နိုင်စေရေးအတွက် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘာဝနှင့် လိုက်လျောညီထွေနေထိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များတွင် လူသားတိုင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ယခုနှစ်ဆောင်ပုဒ်မှ တိုက်တွန်းထားပါသည်။

ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ “တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)” ခေါင်းစဉ်ဖြင့် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးများကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးပြိုင်ပွဲကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ၊ ပြိုင်ပွဲဝင် စာစီစာကုံးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၇ မျက်နှာအထိ ရေးသားရန် (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရန်၊ ကွန်ပျူတာစာလုံး (Pyidaungsu)၊ စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်၊ အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါး၊ စာစီစာကုံးနှင့် အတူပေးပို့ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါး/စာစီစာကုံးများအား ပြန်လည်ပေးပို့မည်မဟုတ်ဘဲ ပြိုင်ပွဲဝင်စည်းကမ်းနှင့် မညီညွတ်သော စာမူများအား ပယ်ချသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးအတွက် စာမူ (Hard+ Soft Copy (Word+Pdf)) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ မှတ်ပုံတင်/ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၃ ပုံ (၁.၅" x ၂" ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ် အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈) နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၉၊ ၀၆၇-၄၃၁၄၉၇၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်၊ ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website (www.ecd.gov.mm)နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးနှင့် စာစီစာကုံးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများစာရင်းကို ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website နှင့် Facebook Page များတွင်ကြေညာသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်သူ၊ ထုတ်ဝေသူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ရန်ကုန် မေ ၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပုံနှိပ်သူ၊ ထုတ်ဝေသူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။** (ယာပုံ)

**ဝိုင်းဝန်းထိန်းသိမ်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့ ရေးသား ပြောဆိုမှုများ၊ ထုတ်ဝေမှုများသည် နောင်တစ်ချိန်တွင် မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိနေမည်ဖြစ်သည့်အတွက် မိမိတို့ ရေးသား ထုတ်ဝေပြောဆိုမှုများကို သာမန်အဆင့် သဘောမျိုးထား၍မရဘဲ အလေးအနက်ထား၍ ရေးသားပြောဆိုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပုံနှိပ်ခြင်းလုပ်ငန်း/ ထုတ်ဝေခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ပေးကြရန်နှင့် တက်ရောက်လာသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

မကြာသေးမီက ညစ်ညမ်းစာအုပ်ထုတ်ဝေခဲ့သော ထုတ်ဝေသူနှင့် ပုံနှိပ်သူများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ တရားစွဲဆို ဆောင်ရွက်ခြင်းမှာ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ကို ပိတ်ပင်ဟန့်တားခြင်းမျိုး မဟုတ်ဘဲ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမရှိသည့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ မလွှဲမရှောင်သာ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ထိုသို့ အရေးယူဆောင်ရွက်ခြင်းသည် မိမိတို့မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံနိုင်ဖွယ်မရှိသော ဟီရိသြတ္တပ္ပတရား ကင်းမဲ့သည့် ရေးသားထုတ်ဝေမှုများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၏ သတင်းမှန်ထုတ်ပြန်ရေးနှင့် သတင်းမှားများ တိုက်ဖျက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်နေသည့် မီဒီယာလုပ်ငန်းများကို မသမာသူများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်နေသည်ကို ကြုံတွေ့နေရပါကြောင်း။

**နည်းမျိုးစုံဖြင့် ကြိုးစား**

ထို့ပြင် လူမှုကွန်ရက်မီဒီယာတွင် လူပုဂ္ဂိုလ်အချို့၏ အမုန်းစကားများ၊ ပဋိပက္ခကို လှုံ့ဆော်ရာရောက်သည့် ရေးသားပြောဆိုမှုများကိုလည်း တွေ့မြင်ရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများကို မည်သို့ပင် ဟန့်တား နှောင့်ယှက်ကြသည်ဖြစ်စေ ပြည်သူများထံ သတင်းမှန်များ စီးဆင်းရေးနှင့် သတင်းမှားများ တိုက်ဖျက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့အားလုံး စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်မှုများသည် အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်း အတွက် လုပ်သင့်လုပ်ထိုက်သည်များအား ရည်ရွယ် ဆောင်ရွက်နေခြင်းဖြစ်သည်ကို မှန်ကန်စွာသိမြင်ပြီး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

**အသီးသီးဆွေးနွေးတင်ပြ**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူ လုပ်ငန်းရှင်များက အသီးသီး ဆွေးနွေးတင်ပြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန် - ပုသိမ်လမ်းနှင့် ယင်းလမ်းတစ်လျှောက် လမ်းအသုံးပြုခ ကောက်ခံနေသည့် တိုးလ်ဂိတ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် Oriental Highway Company မှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် လမ်းပြုပြင်ထိန်းသိမ်းမှုနှင့် မိုင်တိုင်(၅/၄) မှ (၁၇/၄)ထိ (၁၂)မိုင် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးစီးမှု၊ တိုးလ်ဂိတ်ကောက်ခံနေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နေ့စဉ်ယာဉ်သွားလာမှု (AADT–Average Annual Daily Traffic) အရ ကုန်စည်စီးဆင်းမှု၊ ခရီးသွားယာဉ်များ သွားလာမှုနှင့် တိုးလ်ဂိတ်ကောက်ခံ ရရှိမှုအခြေအနေတို့ကို စနစ်တကျဆောင်ရွက်ရန်၊ လမ်းများသက်တမ်းပြည့်မီစွာ အသုံးပြုနိုင်ရေးအတွက် သတ်မှတ်ထားသည့် လမ်းခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်သွားလာသည့် တန်ပိုယာဉ်များကို သတ်မှတ်နှုန်းဖြင့် ဒဏ်ကြေးပေးဆောင်စေရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်(၄၂ / ၆ - ၄၃ / ၀) နေရာရှိ လမ်းဦးစီးဌာန ဗိုလ်မြတ်ထွန်းဂိတ် (လမ်း၊ တံတား အသုံးပြုခ ကောက်ခံရေးစခန်း)သို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်-ပုသိမ်လမ်း မိုင်(၈၆/၂)လမ်းစခန်း ရှင်းလင်းဆောင်၌ မိုင်(၇၄/၅ - ၉၆/၅)အတွင်း (၂၂)မိုင်ကို လာမည့် ဘဏ္ဍာရေးနှစ်တွင် Premix ဖြင့် ကတ္တရာလမ်းပေါက်ဖာခြင်းနှင့် လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မည့်အခြေအနေကို ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော် က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မိုးရာသီကာလမတိုင်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် မိုးရာသီကာလအတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ ခွဲခြားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် လမ်းအထူးအဖွဲ့သုံးဖွဲ့နှင့် မအူပင်ခရိုင်၊ ပုသိမ်ခရိုင်များအနေဖြင့် ကြိုတင်ပြင်ဆင်ထားသည့် စီမံချက်များအတိုင်း ဟန်ချက်ညီစွာ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ စားသုံးဆီဖူလုံရေး နှမ်းကေ ငါးသောင်းကျော် စိုက်ပျိုးထား

ပွင့်ဖြူ မေ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းကေ ငါးသောင်းကျော် စိုက်ပျိုးထားရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများက အစိုးရဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်နှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာ အသုံးချပြီး နှမ်း၊ မိုး၊ ဆောင်း ရာသီမပြတ် မြေပဲ၊ နှမ်း၊ နေကြာသီးနှံတို့ကို အားထား စိုက်ပျိုးကြကြောင်း သိရသည်။ ထိုသို့ သီးနှံများ စိုက်ပျိုးရာ၌ ဒေသခံတောင်သူများ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် အခြေခံ စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နယ်မြေအလိုက် တာဝန်ခံကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံဖြစ်သည့် နှမ်းနှမ်းစိုက်ပျိုးခြင်းကို အစိုးရဆည်ရေစနစ်ဖြင့် ၄၄၁၃၁ ဧက၊ လျှပ်စစ်ရေတင်စနစ်ဖြင့် ၈၀၈ ဧက၊ ရေစုပ်စက်ဖြင့် ၆၅၅၆ ဧက၊ မြေအောက်ရေဖြင့် ၂၅၀၂ ဧက စုစုပေါင်း နှမ်းနှမ်းကေ ၅၃၉၉၇ ဧက စိုက်ပျိုးထားရှိကြောင်းနှင့် စိုက်ပျိုးသည့်နှမ်းမျိုးမှာ စမုံနက်၊ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ - ၄ နှမ်းမျိုးများဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ 'Be Human Kind- ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ် ကူညီသွား' ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ယနေ့ ကမ္ဘာပေါ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ၊ ပဋိပက္ခများ ပြည့်နှက်နေသည့် အချိန်ကာလတွင် ကြက်ခြေနီအခြေခံမူ (၇)ချက်မှ လူသားချင်းစာနာထောက်ထားခြင်းဆိုသည့်အချက်ကို ရပ်ရွာလူထုအားလုံးထံ ပျံ့နှံ့ရောက်ရှိရန် လိုအပ်နေသည့် အချိန်ကာလဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့တွင် ကျွန်ုပ်တို့၏ အကြင်နာမေတ္တာများဖြင့် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူတိုင်း၏ ဘဝတွင် ကြီးမားသော ပြောင်းလဲမှုဖြစ်စေနိုင်သည့် ကြင်နာမှုများဖြင့် အကူအညီလိုအပ်နေသူများကို ဆက်လက်ကူညီပေးသွားကြရန်အတွက် ဤဆောင်ပုဒ်ဖြင့် ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများ ၏ လိုအပ်ချက်များကို အစဉ်တစိုက်ဖြည့်ဆည်းပေးခဲ့သည့် အလှူရှင် အဂ္ဂမဟာ သီရိသုဓမ္မမဏိ ဇောတရေ ဦးလှထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Stephan Pierrre Sakalianနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khouryတို့က အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၂ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက် ၆၅နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စေတနာလုပ်အားရှင်များ၏ စကားသံမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ လိုအပ်ချက်များကို အစဉ်တစိုက် ဖြည့်ဆည်းပေးခဲ့ကြသည့် အလှူရှင်များဖြစ်ကြသည့် အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတရေ ဦးလှထွန်းနှင့် TTO Pharm Co,Ltd မှ ဦးထွန်းထွန်းဦး မိသားစုတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ကြက်ခြေနီကို စတင်တည်ထောင်ခဲ့သူ ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သည့် မေ ၈ ရက်တွင် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသားကြက်ခြေနီ လခြမ်းနီအသင်းများက ကျင်းပပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေဖြင့် ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ကို အသက်ပေါင်းများစွာ ကယ်တင်ရန်နှင့် ပိုမိုကျန်းမာကောင်းမွန်သောဘဝများ ပြောင်းလဲရေးအတွက် လူမှုကရုဏာဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ၏ ရဲစွမ်းသတ္တိနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုအခမ်းအနားနှင့် ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကြက်ခြေနီအသင်းခွဲ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုအခမ်းအနားနှင့် ကြက်ခြေနီ ရှေးဦးပြုစုခြင်း (အခြေခံ) ၁/၂၀၂၂ သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက သပြေကုန်းရပ်ကွက် သာသနာ့မဏ္ဍပမ္ဘာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချိုက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အမျိုးသားအသင်း၏ တာဝန်တတ္တရားဖြစ်သည့် လူမှုကရုဏာလုပ်ငန်းများကို ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါဘေးတားဆီးရန်၊ ဘေးဒုက္ခကျရောက်သူများကို ကူညီပေးရန် အစရှိသည့် လုပ်ငန်းစဉ် (၃) ရပ်ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် ဘေးဒုက္ခကျရောက်လွယ်သူများ အတွက် အကူအညီပေးနိုင်သည့်စွမ်းဆောင်ရည် ပြည့်ဝသော အမျိုးသားအသင်းကြီး ဖြစ်လာစေရန် မျှော်မှန်းလျက် ဆောင်ရွက်နေသော လူမှုကရုဏာအသင်းကြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌမှ ပေးပို့သည့် ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း Quarantine Center များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များ၊ မတော်တဆထိခိုက်ဒဏ်ရာ ရရှိမှုများတွင် ရှေးဦးပြုစုခြင်းဖြင့် စနစ်တကျပြုစု ဆောင်ရွက်ပေးနိုင်ခဲ့သော တပ်ဖွဲ့ဝင်များနှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းတွင် ဆုရရှိကြသော သင်တန်းသား/သူများအား နေပြည်တော် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ကြက်ခြေနီအကြောင်းသိကောင်းစရာ အသိပညာပေး

**စဥ့်ကူး မေ ၈**

၂၀၂၂ ခုနှစ် မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စဥ့်ကူးမြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကြက်ခြေနီအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်ဇာလွင် က ကြက်ခြေနီတပ်ဖွဲ့နှင့်ပတ်သက်၍ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုမြို့နယ်တပ်ဖွဲ့မှူး ဦးသူရကျော်က ကြက်ခြေနီ၏အဓိပ္ပာယ်၊ ကြက်ခြေနီအသင်းက ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအကြောင်း၊ "ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ်ကူညီသွား" ဟူသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ ကြက်ခြေနီတပ်ဖွဲ့၏ လှုပ်ရှားမှုများ၊ ကမ္ဘာတစ်ဝန်းကျရောက်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကြက်ခြေနီတပ်ဖွဲ့၏ လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြို့နယ်အတွင်း ရှေးဦးသူနာပြုစုခြင်းသင်တန်း ဖွင့်လှစ်နိုင်မှု၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် ရည်မှန်းချက်များအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေး ဒုတိယအကြိမ် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ရွှေတောင် မေ ၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် ယမန်နေ့ နံနက်က ရွှေတောင်မြို့နယ်အတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဒုတိယအကြိမ် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် ကင်ပွန်းခြံလမ်း (မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှေ့)၊ သစ်ချိုပင်လမ်း၊ ယွန်းတန်းရပ်ကွက် ဆယ်နာရီဈေးလမ်းနှင့် ရွှေမျက်မှန်ဘုရားဝင်းတို့တွင် အပတ်စဉ်စနေနေ့ နံနက်တိုင်း အထူးစုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက်တို့မှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၈ ဦးခန့်ဖြင့် ပေါင်းမြက်များ၊ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ သစ်ကိုင်းသစ်ခက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အထူးသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ထွက်ရှိအမှိုက်များအား အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် စည်ပင်သာယာအမှိုက်ကန်သို့ စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ဓမ္မာစရိယစာမေးပွဲ အင်္ဂါမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော်  မေ  ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့၌ (အင်္ဂါမနေ့)အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (ဒုတိယနေ့)အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲအင်္ဂါမနေ့ စာရင်းသွင်း သံဃာနှင့်သီလရှင် စုစုပေါင်း ၄၅၄ ပါးအနက် ၂၅၃ ပါး ဖြေဆိုကြသဖြင့် ၅၅ ဒသမ ၇၂ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၅၃၇ ပါးအနက် ၃၈၅၉၈ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၃၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

❀ ***ရွှေဖုံးမှ***

ယခု ရွှေစင်ရွှေသား ရွှေပြား သင်္ကန်းတော်များ ပြောင်းလဲကပ်လှူခဲ့ခြင်းဖြစ်သည်။ စေတီတော်အပေါ်ပိုင်း ငှက်ပျောဖူးပေါ်တွင် ၉ လက်မပတ်လည် ရွှေစင်တစ်ကျပ်သား ရွှေပြားများ ၄၃၉ ချပ် အပြည့်ကပ်လှူထားပြီး ငှက်ပျောဖူးပေါ်အောက် ကြာမှောက်ကြာလန်ကို ကျော်၍ ဖောင်းရစ်တော်တွင် ၉ လက်မပတ်လည် ရွှေစင် ၁ ကျပ်သား ရွှေပြား ၃၁၆ ချပ်ကို ကပ်လှူပူဇော်ထားပြီး ဖြစ်သော်လည်း ကြာမှောက်ကြာလန်တွင် ရွှေစင်ရွှေသား ရွှေကြာ သင်္ကန်းတော်များကို ယခုမှ စတင်ကပ်လှူရခြင်း ဖြစ်သည်။

**ဆက်လက်ကပ်လှူသွားမည်**

ကြာမှောက်ကြာလန် အစိတ်အပိုင်း အားလုံးအတွက် ရွှေစင်ရွှေသား ၁၃ ပိဿာခန့် လိုအပ်သော်လည်း ယခုအခါ အလှူခံရရှိပြီးဖြစ်သော ရွှေချိန် ၃ ပိဿာခွဲခန့်ကိုသာ ကြာမှောက်ကြာလန်အထက်ပိုင်း လေးပုံတစ်ပုံခန့်ကိုသာ ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။ ကျန်လေးပုံသုံးပုံ ကြာမှောက်ကြာလန် အပိုင်းကိုလည်း အလှူခံရရှိမှုပေါ်မူတည်၍ တဖြည်းဖြည်းချင်း ဆက်လက်ကပ်လှူသွားမည် ဖြစ်ပါသဖြင့် အလှူရှင်များမှ ရွှေသင်္ကန်းအလှူတော်များကို ဆက်လက်လှူဒါန်းနိုင်ပါကြောင်းဖြင့် ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက ရှင်းလင်းပြောကြားသည်။

ရွှေသင်္ကန်းကပ်လှူမှုလုပ်ငန်းများ အောင်မြင်ပြီးမြောက်ပြီးဖြစ်၍ မကြာမီကာလတွင် ရွှေသင်္ကန်းကပ်လှူမှုအောင်ပွဲ ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ ကျင်းပ

**ပြည်  မေ  ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ၊ စေတီတော်ကြီး လုံးတော်ပြည့်နှင့် အရံစေတီ ၅၁ ဆူ ရွှေသင်္ကန်းတော်ကပ်လှူခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင် မြတ်စွယ်တော်တိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ ဗုဒ္ဓပဏာမ ဂါထာတော် သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ် ဖွင့်လှစ်ခဲ့ပြီး ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ နာဂဝံသ ဆရာတော်ကြီးထံမှ ညှို့ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ပေးတော်မူကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးကျော်ဝင်းက ဆရာတော်ကြီးများထံ သာသနာရေး ဆောင်ရွက်မှုဆိုင်ရာများ တင်ပြလျှောက်ထားသည်။

ယင်းနောက် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ကြီးက အနုမောဒနာတရားဖြင့် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲဖြေဆိုနေမှုအား ကြည့်ရှုကြည်ညို

**မော်လမြိုင်  မေ  ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော်များနှင့် ကြီးကြပ်ရေး ဆရာတော်ကြီးများ ကြီးကြပ်ကာ လှိုင်ရပ်ကွက် ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီး၌ ပါဠိပထမပြန် စာမေးပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက စတင်ဖြေဆိုရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း သွားရောက်ကြည့်ရှု ကြည်ညိုခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ရေး ဆရာတော်များ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များ၏ ဆွမ်းကွမ်း ဝေယျာဝစ္စအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် ၈၈၇၃၀၀၀ ကို ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘယသုတာရာမ စာသင်တိုက်ဆရာတော်၊ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသန ဆရာတော်အား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီးအတွင်း ၂၀၂၂ ခုနှစ် ဓမ္မာစရိယဂုဏ်ထူးတန်းနှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ဖြေဆိုမှုများကို ကြည့်ရှုကြည်ညိုခဲ့သည်။ မော်လမြိုင် စာဖြေဌာနတွင် ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ဧပြီ ၃၀ ရက်မှ မေ ၉ ရက် အထိလည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲကို မေ ၇ ရက်မှ ၁၃ ရက် အထိလည်းကောင်း ကျင်းပလျက်ရှိရာ ပါဠိပထမပြန်စာမေးပွဲ ပထမနေ့တွင် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်း ဖြေဆိုသူ ၁၅၄၁ ပါး ရှိကြောင်း သိရသည်။

စာဖြေ သံဃာတော်များနှင့် သီလရှင်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် ပြည်နယ်/ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များက စာဖြေသံဃာတော်များ၏ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများနှင့် ကျန်းမာရေးကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❒ ***ရွှေဖုံးမှ***

ရေမိုင် ၄၈၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၃၀ ခန့်နှင့် ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့် မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲမှသည် တပ်မတော်ဆေးတပ်ဖွဲ့၏ ဂုဏ်ကိုထွန်းလင်းတောက်ပစေလျက် .......

ညောင်ဦးဖီး၊ ဓာတ်ပုံ – ဥဿာ

သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်သည် ပြည်သူထဲမှပေါက်ဖွားလာပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်၊ သွေး၊ ချွေးနှင့် ကိုယ်လက်အင်္ဂါများကို စွန့်လွှတ်စတေးခဲ့ကြရသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာထိပါးမှုတွင် အရေးကြုံသည့်အခါတိုင်း သမိုင်းပေးတာဝန်ကို မမိုတ်မသုန် ထမ်းဆောင်ခဲ့ကြသည်။

တပ်မတော် ဆေးတပ်ဖွဲ့ဝင်များသည်လည်း လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ တပ်မတော်၏ သမိုင်းဖြစ်စဉ်များတွင် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ တပ်မတော်ကိုလည်း စွမ်းရည်ပြည့်ဝသော အင်အားခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့သည် အစဉ်အလာရှိခဲ့သည်နှင့်အညီ ခေတ်အဆက်ဆက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ကမ္ဘာဦးအစ သက်ရှိလူသားတို့တွင် အသိဉာဏ်နှင့် အသိစိတ် ဖြစ်တည်လာခဲ့သည်နှင့်တစ်ပြိုင်နက်တည်း ဆေးကုသခြင်းအတတ်ပညာသည်လည်း ပေါ်ပေါက်လာခဲ့သည်ဟု ဆိုနိုင်သည်။ အစားအစာများကို မှန်ကန်စွာရွေးချယ်ပြုပြင် စားသောက်တတ်လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ကွဲပြားနေသော လူသားမျိုးနွယ်စုချင်း တိုက်ခိုက်ရာတွင်ဖြစ်စေ၊ သားရဲတိရစ္ဆာန်ကြောင့်ဖြစ်စေ ရရှိသော ထိခိုက်ကျိုးပဲ့ဒဏ်ရာများကို ကုသတတ်လာခဲ့ကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာစစ်ဆေးကြည့်ရာ၌ လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀ သက်တမ်းရှိကြောင်း တွေ့ရှိရသောကြောင့် မြန်မာ့ဆေးပညာသည်လည်း ထိုကာလကပင် အစပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုမှ ခေတ်အဆက်ဆက် ဖြတ်သန်းလာရာ၌ ဆေးဝါးကုသခြင်းအတတ်ပညာသည်လည်း ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ ယခုဆိုလျှင် DNA နည်းပညာဖြင့် လူသားကိုယ်ပွားများ ဖန်တီးလာနိုင်သည့်အပြင် ကုသရေးပိုင်းတွင်လည်း ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းပုံသဏ္ဌာန်အတိုင်း အစားထိုးအသုံးပြုနိုင်သည်အထိ ပြောင်းလဲတိုးတက်လာလျက်ရှိသည်။

ရှေးမင်းများလက်ထက်က ဆေးဝါးအတတ်ကို ကျွမ်းကျင်သူများသည် တိုင်းနိုင်ငံနှင့် မင်းဧကရာဇ်တို့၏ အမှုတော်ကို ထမ်းရွက်ခဲ့ကြကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ မဟာရာဇဝင်ကြီးတွင် ပါရှိသော ပဋ္ဌာတကောင်းပြည်ကို တည်ထောင်ခဲ့သော သတိုးဇမ္ဗူ ဒီပဓဇ ရာဇာသည် သုခမိန်ပညာရှိ၊ မှူးတော်မတ်တော်၊ လက်ဝဲလက်ယာအမှုထမ်း အရာထမ်း၊ ဆင်သည် မြင်းသည်၊ ခြေသည် သူရဲသူကြွယ်၊ ပုဏ္ဏားဟူးရား၊ ဆေးသမား၊ လက်သမားတို့အား တစ်ထောင့်ခြောက်ဆယ်သော အမည်ဘွဲ့ပုံတို့ကို ပေးတော်မူသည်ဟု အမှတ်အသားစကားရှိခဲ့သည်။

ရှေးမြန်မာတို့လက်ထက်တွင် ဆေးပညာသင်ကြားခြင်း၏ ဗဟိုဌာနများသည် ဆေးပညာနှင့် စစ်ပညာကို တွဲဖက်သင်ကြားပေးသော ပွဲကျောင်းဟုခေါ်ဆိုသည့် ဘုန်းတော်ကြီးကျောင်းများ ဖြစ်သည်။ ဂါမဝါသီပွဲကျောင်းများတွင် စစ်ရေးအတတ်ပညာများအပြင် လောကီအသက်မွေးမှုအတတ်ပညာဖြစ်သော ဗိန္ဒော၊ ဓာတ်စာ၊ နက္ခတ်၊ ဘုရင်ဂျီ၊ ပယောဂဟူ၍ ငါးမျိုးကို သင်ကြားရလေ့ရှိသည်။ မြန်မာ့သမိုင်းတွင် နယ်ချဲ့ကိုလိုနီအားလက်နက်စွဲကိုင်၍ တော်လှန်တိုက်ခိုက်ခဲ့သူတို့တွင် ဆေးပညာဖြင့်အသက်မွေးသော သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ ဆရာစံလည်း ပါဝင်ခဲ့သည်။

မေ ၅ ရက်နှင့် ၆ ရက်တွင် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံ(ခုတင်–၅၀၀)၌ ဆေးပညာနှီးနှောပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲတွင် အရိုးတုများဖြင့် လက်တွေ့သရုပ်ပြပြုလုပ်စဉ်။

> “ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ တပ်မတော်ဆေးတပ်ဖွဲ့သည် ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ မျိုးချစ်စိတ်ရှိသော ဆရာဝန်နှင့် ဆေးကျောင်းသားများသည်လည်း မျိုးချစ်စိတ်ထက်သန်စွာဖြင့် မိမိတို့နှင့်နီးစပ်ရာတပ်ဖွဲ့များသို့ ဝင်ရောက်၍ တပ်မတော်နှင့် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ဆေးရုံ၊ ရန်ကုန်၏ ဆေးရုံအုပ်အဖြစ် ဒေါက်တာဦးဘသန်း MB (Cal.), FRCS (Edin), FACS, FICS(USA) ဖြစ်သည်။ ဘီအိုင်အေဖျက်သိမ်းပြီးနောက် ဂျပန်ခေတ်တစ်လျှောက်တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဗိုးဆံများကြားမှ သက်စွန့်ကြိုးပမ်း ဆေးကုသမှုလုပ်ငန်းများကို လည်းကောင်း၊ LSMB ဆေးပညာသင်ကြားရေးလုပ်ငန်းများကို လည်းကောင်း ထမ်းဆောင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ခေတ်တွင် တပ်မတော်စစ်ဆေးရုံများကို ဖွင့်လှစ်နိုင်ခဲ့ ”

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်၌ စတင်ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် ( BIA )သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စစ်ကြောင်းကြီး သုံးကြောင်းဖြင့် ဝင်ရောက်ခဲ့စဉ် ထားဝယ်မြို့တွင် စစ်မဖြစ်မီက ရှိခဲ့သော သူနာပြုတပ်ဖွဲ့သည် ထားဝယ်စစ်ကြောင်းသို့ ပထမဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့သို့ ၁၉၄၂ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ရောက်ရှိကြပြီး အရာရှိတစ်ဦးနှင့် သူနာပြုရဲဘော် ၂၀ ခန့်သည် ဗမာ့လွတ်လပ်ရေး တပ်မတော်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ တပ်ခွဲမှူး၊ တပ်စုမှူးအရာရှိနှင့် တပ်စုနှစ်ခုခန့် သူနာပြုတပ်ဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးချီတက်လာသော ရန်ကုန်မှ အထက်ဗမာပြည် ချီတက်တိုက်ခိုက်ရေးတပ်များ၏ စစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ခဲ့ကြသည်။ ယင်းသည် မြန်မာ့တပ်မတော်၏ ဆေးတပ်ဖွဲ့သမိုင်းအစဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ တပ်မတော်ဆေးတပ်ဖွဲ့သည် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ မျိုးချစ်စိတ်ရှိသော ဆရာဝန်နှင့် ဆေးကျောင်းသားများသည်လည်း မျိုးချစ်စိတ်ထက်သန်စွာဖြင့် မိမိတို့နှင့်နီးစပ်ရာတပ်ဖွဲ့များသို့ ဝင်ရောက်၍ တပ်မတော်နှင့် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ဆေးရုံ၊ ရန်ကုန်၏ ဆေးရုံအုပ်အဖြစ် ဒေါက်တာဦးဘသန်း MB (Cal.), FRCS (Edin), FACS, FICS(USA) ဖြစ်သည်။ ဘီအိုင်အေဖျက်သိမ်းပြီးနောက် ဂျပန်ခေတ်တစ်လျှောက်တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဗုံးဆံများကြားမှ သက်စွန့်ကြိုးပမ်းဆေးကုသမှုလုပ်ငန်းများကိုလည်းကောင်း၊ LSMB ဆေးပညာသင်ကြားရေးလုပ်ငန်းများကို လည်းကောင်း ထမ်းဆောင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ခေတ်တွင် တပ်မတော်စစ်ဆေးရုံများကို ဖွင့်လှစ်နိုင်ခဲ့သည်။

စစ်ဝန်ကြီးရုံး၊ ဆေးဘက်ဌာန၊ ရန်ကုန်စစ်ဆေးရုံ၊ မန္တလေးစစ်ဆေးရုံ၊ ပျဉ်းမနား စစ်ဆေးရုံ၊ ပဲခူးစစ်ဆေးရုံနှင့် အနောက်တိုင်းစစ်ဌာနချုပ်ဖြစ်သော အောင်လံ၊ ပြလို့စခန်းဆေးရုံတို့ကို ဖွင့်လှစ်ခဲ့သည်။ စစ်ဝန်ကြီးဆေးရုံ၊ ဆေးဘက်ဌာန စတင်ဖွင့်လှစ်စဉ်က ခေတ္တဆေးမှူးချုပ်မှာ ဗိုလ်ကြီးမောင်မောင် (အဘ မောင်မောင်)ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဗိုလ်လက်ျာထံမှ တစ်ဆင့် ဗိုလ်မှူး မောင်မောင်ကြီး ရောက်ရှိပြီး အဘမောင်မောင်ထံမှ ဆေးမှူးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးမရမီ မျိုးချစ်ဗမာ့တပ်မတော်၊ အသစ်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဆေးတပ်ဖွဲ့သည် အရေးပါသော အခန်းကဏ္ဍတွင် တပ်မတော်နှင့် ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်တွင် တည်ရှိခဲ့သော ဆေးတပ်ဖွဲ့များကို လွတ်လပ်ရေးမရမီ ပြန်လည်ဖွဲ့စည်းခဲ့ပြီး အသက်၊ သွေး၊ ချွေး၊ ကိုယ်လက်အင်္ဂါများ စွန့်လွှတ်မှုဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တတ်ကျွမ်းသည့်ပညာဖြင့် အလုပ်အကျွေးပြုကာ သူရသတ္တိကို ပြသခဲ့ကြသည်။

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

အလုပ်ရုံဆွေးနွေးပွဲ၌ အရိုးတုများဖြင့် လက်တွေ့ခွဲစိတ်သရုပ်ပြစဉ်။

**❒ တပ်မတော်ဆေးတပ်ဖွဲ့သည် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းတို့တွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ ပြန်လည်သန်စွမ်းရေး လုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဆေးပညာရပ်တွင် သုတေသနလုပ်ငန်းသည် အထူးအရေးပါသောကြောင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ပြုလုပ်ခဲ့**

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဆေးတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းမှုဖြင့် တပ်မတော်၏ဆေးပညာစွမ်းရည်သည် တိုးတက်လာခဲ့သည်။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ဗဟိုဆေးတပ်(မင်္ဂလာဒုံ)၊ တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၊ အမှတ်(၁)အခြေချစစ်ဆေးရုံ(ခုတင်-၇၀၀)မေမြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံ( ခုတင်-၃၀၀)မိတ္ထီလာ၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) ရန်ကုန်၊ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)ပြည်မြို့၊ အမှတ်(၁)ရှေ့တန်းအခြေချစစ်ဆေးရုံ(ခုတင်-၇၅)ဗထူး၊ အမှတ်(၁) စစ်မြေပြင်ဆေးရုံ(ခုတင်-၁၀၀)လားရှိုး၊ အမှတ်(၂)နယ်လှည့်ခွဲစိတ်နှင့် ခါတ်မှန်ရိုက်တပ် (မင်္ဂလာဒုံ)၊ အမှတ်(၁)နယ်လှည့်ဆေးတပ်ရင်း၊ အမှတ်(၁၃၁)စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၂၃၂)စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၃၃၃) စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ် (၄၃၄) စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၅၃၅)စစ်မြေပြင် ဆေးတပ်ရင်း၊ အမှတ်(၁) ငှက်ဖျားနှင့် ကျန်းမာရေးတပ်(မှော်ဘီ)၊ အမှတ်(၁)အခြေချဆေးသိုလှောင်ရေးတပ်၊ အမှတ်(၁) ရှေ့တန်းအခြေချ ဆေးသိုလှောင်ရေးတပ်၊ ကျောက်ကပ်တုတပ်(မင်္ဂလာဒုံ)၊ အမှတ်(၂)နာလန်ထစခန်း(ခုတင်-၂၀၀)၊ ခြေတုလက်တုအလုပ်ရုံ၊ အမှတ်(၁)အဆုတ်ရောဂါတိုက်ဖျက်ရေးနှင့် နယ်လှည့်ဓာတ်မှန်ရိုက်တပ်၊ သွားဆေးကုဌာနတို့ကို မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့သည် တပ်ပေါင်း ၂၃ တပ်ကို တိုးချဲ့တည်ဆောက်မှုဖြင့် နည်းပညာ၊ ပစ္စည်းကိရိယာနှင့် အဆောက်အဦများ အသစ်တိုးပွားလာမှုဖြင့် ဆေးတပ်ဖွဲ့၏ တာဝန်နှင့် လမ်းစဉ်ကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ စစ်မြေပြင် ဆေးအကာအကွယ်ပေးခြင်းနှင့် ပြည်သူတို့ကို ကုသမှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းတို့သည် မြန်မာ့တပ်မတော်နှင့် ဆေးတပ်ဖွဲ့၏ ဆေးပညာစွမ်းရည်တို့ကို ဂုဏ်သတင်း သင်းပျံ့စေခဲ့သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဆောင်ပုဒ်နှင့်အညီ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်ကိုတိုးချဲ့ဖွဲ့စည်းခဲ့ရာတွင် တပ်မတော်တစ်ရပ်လုံး ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထက်မြက်မြင့်မားလာစေရေးအတွက် ဆေးရုံ၊ ဆေးတပ်ရင်းတို့ကိုလည်း ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထိုသို့တိုးချဲ့ဖွဲ့စည်းမှုနှင့်အတူ တပ်မတော်ဆေးတပ်ဖွဲ့၏ ကုသမှုစွမ်းရည် ထက်မြက်မြင့်မားရေးစွမ်းဆောင်မှုတစ်ရပ်အဖြစ် နိုင်ငံတကာအဆင့်မီ ဆေးပညာလုပ်ငန်းများဖြစ်သော နှလုံးရောဂါရှာဖွေကုသခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ အတွင်းကြည့်မှန်ပြောင်းနှင့် ဝမ်းဗိုက်အတွင်း ရောဂါရှာဖွေကုသခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ ရှာဖွေကုသခြင်း၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းဆိုင်ရာရောဂါများ ရှာဖွေခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ ခွဲစိတ်ကုသခြင်း၊ မျက်စိရောဂါကုသခြင်း၊ ဒူးဆစ်ပေါင်ဆစ် အစားထိုးခွဲစိတ်ကုသခြင်းတို့ကို နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်များဖြင့် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အလုပ်အကျွေးပြုခဲ့ကြသည်။

တပ်မတော်ဆေးတပ်ဖွဲ့သည် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းတို့တွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ ပြန်လည်သန်စွမ်းရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဆေးပညာရပ်တွင် သုတေသနလုပ်ငန်းသည် အထူးအရေးပါသောကြောင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ပြုလုပ်ခဲ့သည်။

ပထမအကြိမ် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ကျင်းပခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ရာ ၂၀၁၁ ခုနှစ် (၁၁)ကြိမ်မြောက်တွင် ဘာသာရပ်ဆိုင်ရာ စာတမ်းပေါင်း (၅၄၇)စောင် ဖတ်ကြားတင်သွင်းခဲ့ပြီး သုတေသနဆိုင်ရာ ပိုစတာ (၄၁) စောင် ခင်းကျင်းပြသနိုင်ခဲ့သည်။

ယခုအခါ(၂၉)ကြိမ်မြောက် ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးကို မေ ၉ ရက်မှ ၁၁ ရက်အထိ မင်္ဂလာဒုံမြို့နယ်၊ အရိုးရောဂါအထူးကုဆေးရုံ (ခုတင်-၅၀၀) တွင် နိုင်ငံတကာအဆင့်မီ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာ နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ ဆေးသုတေသနစာတမ်းဖတ်ပွဲ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အထူးဘာသာရပ်များအလိုက် ကျင်းပခဲ့သော စာတမ်းဖတ်ပွဲများတွင် တပ်မတော်ဆေးတပ်ဖွဲ့ဝင် သုတေသီပညာရှင်များပါဝင်၍ စာတမ်းများ ဖတ်ကြားခဲ့ကြသည်။ (၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် မြန်မာ့တိုင်းရင်းဆေးပြခန်းများကို ပထမဦးဆုံးအကြိမ်အဖြစ် ထည့်သွင်းပြသခဲ့သည်။ တပ်မတော်ဆေးတပ်ဖွဲ့သည် ကူးစက်ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ဘာသာရပ်အလိုက် ကုသရေးဆိုင်ရာများ လေ့ကျင့်သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများပါဝင်သည့် Journal of Myanmar Military Medicine ကို ၁၉၉၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ စဉ်ဆက်မပြတ် ထုတ်ဝေခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ တပ်မတော်ဆေးတပ်ဖွဲ့သည် ကုသရေးနှင့် သုတေသနလုပ်ငန်းများအား နိုင်ငံတကာနှင့်ရင်ပေါင်တန်း လုပ်ဆောင်နိုင်မှုကို ပြသလျက်ရှိသည်။

မြန်မာ့တပ်မတော်သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူမှပေါက်ဖွားသော တပ်မတော်သားများဖြစ်သည်နှင့်အညီ နိုင်ငံနှင့်လူမျိုးအတွက် ပေးဆပ်ခဲ့ကြရသည်။ ထိုသို့ပေးဆပ်မှုများတွင် တပ်မတော်ဆေးရုံနှင့် ဆေးတပ်ဖွဲ့တို့လည်း ပါဝင်ခဲ့ကြသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိပါက ကုသရေးပိုင်းတွင် တပ်မတော်ဆေးတပ်ဖွဲ့သည် အဓိကအခန်းကဏ္ဍတွင် အရေးပါလျက်ရှိသည်။ ကိုယ်ခန္ဓာကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့တွင် ကုသရေးပိုင်းသည် အရေးကြီးလျက်ရှိရာ အထူးသဖြင့် အရိုး၊ အသား၊ သွေးကြောတို့ဖြင့်ဖွဲ့စည်းထားသော လူ့ခန္ဓာကိုယ်တွင်း၌ အရိုးသည် သွားလာလှုပ်ရှားမှုအတွက် အထူးအရေးပါလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံတိုင်းတွင် နိုင်ငံအတွက် တပ်မတော်များဖွဲ့စည်းထားရှိပြီး တပ်မတော်အသီးသီးတွင် တပ်မတော်ဆေးရုံနှင့် ဆေးတပ်ဖွဲ့ကိုယ်စီ ထားရှိကြသည်။ ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်လာသော အိုင်တီခေတ်တွင် တီထွင်ထုတ်လုပ်သောလက်နက်များနည်းတူ ဆေးပညာသည်လည်း တစ်နေ့ထက်တစ်နေ့ ခေတ်မီတိုးတက်လျက်ရှိသည်။ ယနေ့ကမ္ဘာသည် နည်းပညာဖြင့် အပြိုင်ရှင်သန်နေသောကြောင့် အမိနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွင် တီထွင်ကြံဆမှုများ အထူးလိုအပ်သည့်နည်းတူ ကျန်းမာရေးကဏ္ဍတွင် သုတေသနလုပ်ငန်းသည် အထူးလိုအပ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဆိုစကားနှင့်အညီ တပ်မတော်အင်အားရှိရန်လိုအပ်သည် ။ ထို့ကြောင့် ပြည်သူနှင့် တပ်မတော်သားများ၊ မိသားစုဝင်များ၏ ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာကုသမှုတို့သည် အရေးပါလျက်ရှိသည်။ ထိခိုက်ဒဏ်ရာ ရရှိပါက မြန်ဆန်စွာကုသနိုင်မှုသည် ပြန်လည်တာဝန်ထမ်းဆောင်ရန် အထောက်အပံ့ဖြစ်စေလျက်ရှိရာ ကုသရေးပိုင်းတွင် ခေတ်မီနည်းပညာနှင့် ကုသရေးပိုင်းဆိုင်ရာ ပညာရပ်များစွာ အစဉ်လိုအပ်နေမည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းမိန့်ခွန်းတွင် “တိုက်ပွဲဝင်စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားနေမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မှာဖြစ်ပြီး ရဲဘော်တို့လို အရာရှိဆရာဝန်တွေရဲ့ ကျွမ်းကျင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေဟာ နိုင်ငံတော် ကာကွယ်ရေးစွမ်းပကား မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိတယ်ဆိုတာကို ရဲဘော်တို့ သိရှိနားလည်ထားဖို့ လိုမှာဖြစ်တယ်”ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ခြင်းဖြစ်သည်။ ထိုသို့ လမ်းညွှန်မှုနှင့်အညီ (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် မေလ ၉ ရက်မှ ၁၁ ရက်နေ့အထိ ပြည်ပမှ အရိုးရောဂါဆိုင်ရာ ပါရဂူများကိုယ်တိုင် ဆွေးနွေးပို့ချမှုဖြင့် တပ်မတော်ဆေးတပ်ဖွဲ့သည် အရိုးရောဂါဆိုင်ရာကုသရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကုသနိုင်မည့် ဆေးတပ်ဖွဲ့၏ဂုဏ်ကို ပြသနိုင်ခဲ့ပြီဖြစ်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ကော်မတီဝင်များ၊ ဌာနမှူးများလိုက်ပါ၍ မေ ၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်သန့်ရှင်း သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်နေသော မြို့နယ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပနှင့် မရမ်းကုန်း မြို့နယ်တို့ဆုံရာ လမ်းအရှည် ပေ ၁၅၀၀ ရှိ ဘုရင့်နောင်လမ်းတစ်လျှောက် ဘေးဝဲယာသန့်ရှင်း သာယာလှပရေး၊ မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်ရှိ တံတားကြီးချောင်း ရေစီးရေလာကောင်းမွန်ရေး၊ မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက် သံသုမာလမ်းမကြီးရှိ အုတ်ပုံဆိပ်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ဘူတာရုံလမ်း တစ်လျှောက် မိုးတွင်းကာလ ရေကြီးရေလျှံမှုမဖြစ်စေရေး၊ ငမိုးရိပ်ချောင်းအတွင်းစီးဆင်းသည့် ဒနင်းရိုးချောင်း ပိတ်ဆို့မှုကြောင့် မိုးတွင်းကာလ ရေကြီးရေလျှံမှုမဖြစ်စေရေး ရပ်ကွက်နေပြည်သူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက အမှိုက်များဆယ်ယူရှင်းလင်းခြင်း၊ စက်ယန္တရားကြီးများနှင့် ပိတ်ဆို့နေသော နုန်းနှင့်သဲများထုတ်ယူပြီး ချောင်းများပြန် လည်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လာရောက်ကူညီသူများကို ကျေးဇူးတင်စကား ပြောကြားပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ပျဉ်းမပင် နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိရာ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ တိုးမင်းထွန်းနှင့် တာဝန်ရှိသူတစ်ဦးက နို့စားနွားနှင့် နို့စားကျွဲ မွေးမြူထားရှိမှု၊ ယင်းတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နို့စားနွားနှင့် နို့စားကျွဲများမွေးမြူထားရှိမှုများကိုလည်းကောင်း၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးထားသည့်မြက်ချို စိုက်ခင်း၊ နေပီယာမြက်စိုက်ခင်းများနှင့် စိုက်ခင်းအတွက် ရေစုကန်တည်ဆောက်မည့်မြေနေရာတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွန်ပျူတာတက္ကသိုလ် (မကွေး) (၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်

**မကွေး မေ ၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (မကွေး)တွင် မေ ၇ ရက်က ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ဘွဲ့ယူမောင်မယ်များအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဂုဏ်ပြုစကား ပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင် အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့များက သက်ဆိုင်ရာ ဘွဲ့အသီးသီးအပ်နှင်းမည့် စင်မြင့်ထက်တွင် နေရာယူပြီး ဘွဲ့နှင်းအစီအမံအရ ပါမောက္ခချုပ်နှင့် ဘွဲ့ယူမောင်မယ်များ ကတိခံဝန်ချက်များရယူကာ ကွန်ပျူတာတက္ကသိုလ် (မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က ဘွဲ့ယူမောင်မယ် တက်ရောက် ၁၀ ဦးနှင့် အဝေးရောက် ခြောက်ဦး စုစုပေါင်း ၁၆ ဦးတို့အား ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့ ဘွဲ့လက်မှတ်များကို ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်ပြီး ကွန်ပျူတာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ်က အပ်နှင်းပြီးသော ဘွဲ့အသီးသီးရရှိပြီးသူများ စာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း မြွက်ကြားရာ ကွန်ပျူတာတက္ကသိုလ်(မကွေး) အနေဖြင့် အစိုးရကွန်ပျူတာကောလိပ်အဖြစ်စတင်တည်ထောင်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ၂၀၂၀ ပြည့်နှစ်အထိ ကွန်ပျူတာဒီပလိုမာနှင့် ဘွဲ့ရ စုစုပေါင်း ၂၉၅၀ မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဘွဲ့ရမောင်မယ်များ အနေဖြင့် ဘွဲ့ဒီဂရီအသီးသီးကိုရအောင် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်အတွက်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိုးတက်ခေတ်မီသော နိုင်ငံတော်ကြီးဖြစ်အောင် နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုအပ်ချက်များကို မိမိတို့ တတ်စွမ်းသည့်ဘက်မှ အစွမ်းကုန် ဖြည့်ဆည်းပေးကြစေလိုကြောင်းဖြင့် ထည့်သွင်းမြွက်ကြားကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဘွဲ့ရမောင်မယ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး (အပေါ်ပုံ) ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား မိဘဆွေမျိုးများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

# တောင်ကြီးမြို့၌ ကာယဆရာ ဆရာမများ ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်းဖွင့်

**တောင်ကြီး မေ ၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရှမ်းပြည်နယ် ကာယဆရာ ဆရာမများ ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၇ ရက်က တောင်ကြီးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်းတွင် ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ကြက်တောင် စသည့် အားကစားနည်း ခုနစ်မျိုး ပို့ချသွားမည်ဖြစ်ကြောင်း၊ နည်းပြခုနစ်ဦးက ပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀ တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် အထက်တန်းပြ(ကာယ)နှင့် အလယ်တန်းပြ (ကာယ) များ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ယခုသင်တန်းတွင် နည်းပြ နှစ်ဦးမှာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သင်တန်း၏ စာတွေ့ပို့ချခြင်းကို အ.ထ.က(၃)တောင်ကြီးတွင် ပို့ချပြီးလက်တွေ့ကို ရှမ်းပြည်နယ် အားကစားရုံနှင့် အားကစားကွင်းတို့တွင် ပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်နောင်တွင်လည်း ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာန ဆိုင်ရာအချင်းချင်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက်
## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁-၅-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

**သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်**
**သွားတိုက်လျှင် ရေဇန်ခွက် အမြဲသုံးပါ**

## ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဉ္စမနှစ် ဥပဒေပညာ၊ ပဉ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို ၁၈-၄-၂၀၂၂ ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန

## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အင်္ဂပူ-ညောင်ကျိုး ဆက်သွယ်ရေးကားလမ်းမအား ဧဝန်မြစ်ရေတိုက်စားပြိုကျနေမှုကို ကွင်းဆင်းစစ်ဆေး

**အင်္ဂပူ မေ ၈**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် ဝက်လဟာကျေးရွာအုပ်စု ကညင်တပင်ကျေးရွာအတွင်းရှိ အင်္ဂပူ-ညောင်ကျိုး ဆက်သွယ်ရေးကားလမ်းမအား ငဝန်မြစ်ရေတိုက်စားပြိုကျမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ကမ်းထိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် သဲသောင်ဖြတ်ဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေးက ကမ်းပါးပြိုကျမှုအခြေအနေနှင့် လမ်းလွှဲဖောက်လုပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ နွားနောက်ပြပွဲ ပြုလုပ်

**နေပြည်တော် မေ ၈**

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အတွင်း စိုက်ပျိုး/မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးမှ နွားနောက်သားများကို ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့နိုင်ခြင်းဖြင့် မွေးမြူရေးတောင်သူများ အနေဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် နောင်လုံစိုက်ပျိုး/မွေးမြူရေးခြံ၌ နွားနောက်ပြပွဲကို ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နွားနောက်မွေးမြူကြသည့် ဒေသခံမွေးမြူရေးတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် ဒေသခံနွားနောက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးတို့က နွားနောက်မွေးမြူရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နွားနောက်မွေးမြူရေးပြခန်းနှင့် နွားနောက်မွေးမြူရေးခြံများသို့ လိုက်လံကြည့်ရှုကြပြီး **(အပေါ်ပုံ)** ဒေသခံတိုင်းရင်းသား မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ လွိုင်မွေကျေးရွာအုပ်စုတွင် နွားနောက် အကောင်ရေ ၄၀၀ ခန့်၊ မိုင်းကိုင်အုပ်စုတွင် နွားနောက် အကောင်ရေ ၁၅၀ ခန့်၊ နမ့်နီ/နမ့်လုံကျေးရွာတွင် နွားနောက် အကောင်ရေ ၂၀ ခန့်၊ မိုင်းနေ့/ဖာတကျေးရွာတွင် နွားနောက် အကောင်ရေ ၂၀၀ ခန့်ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်/ကျေးရွာများတွင် စုစုပေါင်း နွားနောက်အကောင်ရေ ၇၇၀ ခန့် မွေးမြူလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၈၇၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၁၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၅၂၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေဝပ်ဒေသ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲစုံရာ မိုးယွန်းကြီးအင်းဘေးမဲ့တော

ကောင်းထက်

မယ်ညိုငှက်
Purple Swamphen – Porphyrio porphyrio

မေလ၏အပူရှိန်ကြောင့် အင်းပတ်ဝန်းကျင် တစ်ခွင်လုံးစိမ်းစိုမနေ။ အင်းအတွင်း ရေအပြည့် ရှိမနေ။ ဆောင်းခိုငှက်များ လာရောက်ချိန်မဟုတ်သည့်အတွက် ငှက်ကြည့်ရန်၊ သဘာဝအလှအပကို လေ့လာခံစားရန် လာရောက်သည့် ဧည့်သည်လည်း အပြည့်ရှိမနေ။ သို့သော် အင်းပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများ၏ အရိပ်ခိုရင်း၊ ကျီကျီကြာကြာ ဒေသငှက်များ၏ အသံများဖြင့် မိုးယွန်းကြီးအင်း ပတ်ဝန်းကျင်သည် သာယာမှုရှိသည်။ ရေခန်းခြောက်ချိန်၊ ငှက်မျိုးစိတ်များ မျိုးစုံမရှိသည့်အချိန်ဖြစ်သည့်အတွက် အပန်းဖြေလာရောက်သူများဖြင့် စည်ကားမနေသော်လည်း သဘာဝဘေးမဲ့တော၏ အလှကို တစ်မျိုးတစ်ဖုံခံစားရင်း၊ လေသန့်ရှူရင်း အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

"သဘာဝအေးချမ်းမှုနဲ့ အပန်းဖြေစရာ နေရာကောင်းပါ။ ငှက်ကြည့်ဝါသနာရှင်တွေ အနေနဲ့ ဆောင်းခိုငှက်တွေ လာတဲ့အချိန်မှာ ကြည့်ရှုလေ့လာနိုင်မယ့် ကောင်းမွန်တဲ့နေရာတစ်ခုပါ။ ကျွန်တော်တို့ကတော့ ပဲခူးမှာတည်းခိုပြီး တစ်ဆင့်လာရောက်လည်ပတ်တာဖြစ်ပါတယ်။ ခုချိန်က လူနည်းနည်းရှင်းနေတယ်။ သဘာဝလေသန့်ကြောင့် အပန်းပြေတယ်" ဟု ရန်ကုန်မြို့မှလာရောက်လည်ပတ်သူ ဦးအောင်ကျော်စိုးက ပြောသည်။

**◆မိုးယွန်းကြီးအင်းတွင် သဘာဝပတ်ဝန်းကျင် ပညာပေးပြခန်းများ၊ ငှက်များ ကြည့်ရှုနိုင်မည့် ငှက်ကြည့်စင်များ၊ လှေပုံသဏ္ဌာန်တည်ဆောက်ထားသည့် အပန်းဖြေအိမ်များ၊ အင်းသဘာဝကိုကြည့်ရှုနိုင်မည့် နားနေဆောင်များ၊ အပန်းဖြေစားသောက်ဆိုင်များ၊ ငှက်ကြည့်လေ့လာခြင်းနှင့် သဘာဝအလှအပများ ကြည့်ရှုခံစားနိုင်သည့် စက်လှေများဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပြုလျက်ရှိသည်။ အဓိကအားဖြင့် ဆောင်းခိုငှက်များ လေ့လာကြည့်ရှုလိုသူများ (Bird Watching Tourism) အတွက် လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်သည်**

### လည်ပတ်သင့်သည့် နေရာတစ်ခု

မိုးယွန်းကြီးအင်းတွင် သဘာဝပတ်ဝန်းကျင် ပညာပေးပြခန်းများ၊ ငှက်များကြည့်ရှုနိုင်မည့် ငှက်ကြည့်စင်များ၊ လှေပုံသဏ္ဌာန်တည်ဆောက်ထားသည့် အပန်းဖြေအိမ်များ၊ အင်းသဘာဝကို ကြည့်ရှုနိုင်မည့် နားနေဆောင်များ၊ အပန်းဖြေစားသောက်ဆိုင်များ၊ ငှက်ကြည့်လေ့လာခြင်းနှင့် သဘာဝအလှအပများ ကြည့်ရှုခံစားနိုင်သည့် စက်လှေများဖြင့် သဘာဝအခြေခံခရီးသွား လုပ်ငန်းကို အထောက်အကူပြုလျက်ရှိသည်။ အဓိကအားဖြင့် ဆောင်းခိုငှက်များ လေ့လာကြည့်ရှုလိုသူများ (Bird Watching Tourism) အတွက် လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိပြီး ဧရိယာအားဖြင့် စတုရန်းမိုင် ၄၀ (ဧက ၂၅၆၀၀) ကျယ်ဝန်းသည်။

### ရမ်ဆာရေဝပ်ဒေသ

မိုးယွန်းကြီးအင်းတွင် ရေဝပ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများရှိသည့်အတွက် သစ်တောဦးစီးဌာနက မိုးယွန်းကြီးဘေးမဲ့တောအဖြစ် သတ်မှတ်ကာ သဘာဝဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မိုးယွန်းကြီးဘေးမဲ့တောသည် မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းသင့်သည့် ရေဝပ်ဂေဟစနစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံး ရမ်ဆာရေဝပ်ဒေသ (Ramsar Site) အဖြစ် ၂၀၀၄ ခုနှစ်က သတ်မှတ်ခြင်းခံခဲ့ရသည်။

"မိုးယွန်းကြီးအင်းဟာ ရေဝပ်ဂေဟစနစ်ရှိနေတဲ့အပြင် ရှားပါးမျိုးစိတ်ငှက်တွေ၊ ဆောင်းခိုငှက်တွေ ကျက်စားရာဒေသတစ်ခုဖြစ်တဲ့အတွက် နိုင်ငံအဆင့်သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းမှုဆောင်ရွက်သင့်တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ အရေးကြီး ဆောင်းခိုငှက်ကျက်စားရာဒေသ (Important Bird Area –IBA) အဖြစ် ၂၀၁၄ ခုနှစ်မှာ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း မိတ်ဖက်အဖွဲ့အစည်းကနေ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက် (Flyway Network Site) အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်" ဟု သစ်တောဦးစီးဌာန မိုးယွန်းကြီးအင်း ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ထိုကဲ့သို့ ရေဝပ်ဂေဟစနစ်နှင့် ဇီဝမျိုးစုံတည်ရှိနေသည့်အတွက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ ငါးနှစ်) နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ ခုနှစ်အထိ ဆယ်နှစ်) စီမံချက်တို့ကို ရေးဆွဲကာ ဝန်းကျင်ဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တောဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်မတို့ဌာနအနေနဲ့ အဓိကကတော့ တစ်ဖက်က သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေပြီး ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင်၊ တစ်ဖက်က ဂေဟစနစ်ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ရင်းနဲ့ ဒီနှစ်ခုဘက်ညီ မျှတဖို့ ကြိုးပမ်းဖော်ဆောင်ရတာ ဖြစ်ပါတယ်" ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

စစ္စလီငှက်
Fulvous Whistling Duck – Dendrocygna bicolor

### ဌာန၏လုပ်ငန်းများ

မိုးယွန်းကြီးအင်းဘေးမဲ့တောမှ သစ်တောဦးစီးဌာနဝန်ထမ်းများသည် စီမံချက်ပါလုပ်ငန်းများဖြစ်သည့် အင်းအတွင်းနှင့် ဆက်စပ်ဧရိယာများတွင် တရားမဝင်လုပ်ငန်းများ လျော့နည်းပပျောက်စေရန်နှင့် ငှက်များဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းမရှိစေရန်၊ သတ်မှတ်ထားသည့် ဇုန်စည်းကမ်းများအား လိုက်နာစေရန် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ကျေးရွာရှိ ကျောင်းများနှင့် ဒေသခံပြည်သူများအား ဆောင်းခိုငှက်များ ထိန်းသိမ်းခြင်းနှင့် ကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ပညာပေးဟောပြောခြင်း၊ ဆောင်းခိုငှက်နှင့် ဌာနေရေပျော်ငှက်မျိုးစိတ်များ တိုးပွားမှု၊ လျော့နည်းမှုနှင့် ပျံ့နှံ့ကျက်စားမှု စောင့်ကြည့်လေ့လာခြင်း ငှက်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရသည်။

ထို့အတူ အင်းပတ်ဝန်းကျင်ရှိ ရေနေပင်စာရင်းကောက်ယူခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်း၊ ရေအတိမ်အနက်နှင့် အရည်အသွေးတိုင်းတာခြင်းစသည့် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းလျာထားချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### ငှက်မျိုးစိတ်များ

သစ်တောဦးစီးဌာနက ဝန်းကျင်ဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေပျော်ဌာနေငှက်မျိုးစိတ် ၂၇ မျိုး၊ ဆောင်းခိုငှက်မျိုးစိတ် ၅၅ မျိုး၊ သစ်တောငှက်မျိုးစိတ် ၁၀၆ မျိုး စုစုပေါင်း *စာမျက်နှာ ၁၁ သို့*

## အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုများ နေပြည်တော်ကောင်စီဝင် ကြည့်ရှုအားပေး

**ပျဉ်းမနား မေ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အစိုးရပါဠိပထမပြန်စာမေးပွဲများကို သတ်မှတ်စာဖြေဌာနများအလိုက် မေ ၇ ရက်မှစ၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုလျက်ရှိကြရာ စာမေးပွဲဖြေဆိုနေမှုအခြေအနေများကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညို ကြည့်ရှုအားပေးခဲ့သည်။

နေပြည်တော်ကောင်စီနှင့် အဖွဲ့သည် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးရှိ စာဖြေဌာနတွင် စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး စာမေးပွဲဖြေဆိုနေမှု အခြေအနေများနှင့် ပတ်သက်၍ လျှောက်ထားမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား လှည့်လည် ဖူးမြော်ကြည်ညိုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် နေပြည်တော်အတွင်းရှိ အစိုးရပါဠိပထမပြန်စာမေးပွဲများ ဖြေဆိုလျက်ရှိသည့် သတ်မှတ်စာဖြေဌာနများသို့ သွားရောက်ကာ စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား လှည့်လည်ဖူးမြော်ကြည်ညိုအားပေးခဲ့သည်။

ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲများကို မေ ၇ ရက်မှ ၁၃ ရက်အထိ ဖြေဆိုလျက်ရှိကြရာ ပထမကြီးတန်းတွင် ဝင်ရောက်ဖြေဆိုသူ ၁၄၆ ပါး၊ ပထမလတ်တန်းတွင် ၁၇၉ ပါး၊ ပထမငယ်တန်းတွင် ၄၁၆ ပါးနှင့် အခြေပြုမူလတန်းတွင် ၄၉၅ ပါးတို့ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက္ခမီမြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

**ကျိုက္ခမီ မေ ၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့မှ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (Basic on Job Skill Training) (၁/၂၀၂၂) ကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက မေ ၈ ရက်တွင် ဖွင့်လှစ်ပို့ချပေးသည်။

ကျိုက္ခမီမြို့ မြို့လယ်ဓမ္မာရုံ၌ဖွင့်လှစ်သည့် အဆိုပါသင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်နိုင်ဝင်း၊ ကျိုက္ခမီမြို့မရဲစခန်းမှ ရဲအုပ်သက်ဝေ၊ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရှိုင်းထက်အောင်နှင့် ကျိုက္ခမီမြို့ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးစည်သူသန့်တို့က ကဏ္ဍအလိုက်သင်ကြားပို့ချကြသည်။ သင်တန်းတွင် ကျိုက္ခမီမြို့မှ ပင်လယ်ငါးဖမ်းရေလုပ်သားသင်တန်းသား ၃၀ တို့တက်ရောက်ကြောင်း သိရသည်။ **အေးအေးသီ(ပြန်/ဆက်)**

## မင်းလှ၌ ၂၀၂၂ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆိုကျင်းပ

**မင်းလှ မေ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကြီးကို ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ် (၂) ရပ်ကွက် အ.ထ.က (မြို့တွင်း) ကျောင်း၌ မေ ၇ ရက် မွန်းတည့် ၁၂ နာရီက စတင်ဖြေဆိုကြောင်း သိရသည်။

စာမေးပွဲတွင် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကျောင်းများမှ စာရင်းပေးဖြေဆိုကြသည့် ရဟန်းသာမဏေ ၃၈ ပါးအနက်မှ ယနေ့၌ ပထမကြီးတန်းတွင် ရဟန်းသုံးပါး၊ ပထမလတ်တန်းတွင် ရဟန်းကိုးပါး၊ ပထမငယ်တန်းတွင် သာမဏေ ၁၁ ပါး၊ အခြေပြုမူလတန်းတွင် သာမဏေ ၁၅ ပါး စုစုပေါင်း ၂၆ ပါး ဝင်ရောက်ဖြေဆိုခဲ့ပြီး ပျက်ကွက် ၁၁ ပါးရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် အရှင်ဓမ္မပီယနှင့် အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်သာသနာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ပေးလျှက်ရှိကြောင်း၊ စာမေးပွဲကို မေ ၇ ရက်မှ ၁၂ ရက်အထိ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဖြေဆိုကျင်းပမည်ဖြစ်ကြောင်း၊ စာဖြေရက်များအတွင်း မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်များ စုပေါင်း၍ ရဟန်းသံဃာတော်များအား နေ့စဉ် နေ့ဆွမ်းနှင့် အချိုပွဲများ အလှည့်ကျ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ မင်းလှ**



## မကွေးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**မကွေး မေ ၈**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးပြီး ထုံးပေါက်တောတောင်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သော "အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း" ဆင်းပွဲကို မေ ၇ ရက်က အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက အဆိုပါသင်တန်းသည် အရင်းအနှီးနည်းပါးခြင်း၊ ပြုလုပ်ရလွယ်ကူခြင်း၊ ကုန်ကြမ်းလက်လှမ်းမီဝယ်ယူရရှိနိုင်ခြင်းနှင့် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ သင်တန်းတွင် ဆပ်ပြာဆီအမျိုးမျိုးပြုလုပ်နည်း၊ ဆပ်ပြာခရင်မ်ပြုလုပ်နည်း၊ ဆပ်ပြာခဲအမျိုးမျိုးပြုလုပ်နည်းနှင့် သဘာဝခေါင်းလျှော်ရည်ပြုလုပ်နည်းများကို မေ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ထုံးပေါက်တောတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ယူခဲ့ကြောင်း သိရသည်။ **အထွေး**

*စာမျက်နှာ ၁၀ မှ*

၁၈၅ မျိုးတည်ရှိသည်။ မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ကျရောက်ကျက်စားသည့် ဆောင်းခိုငှက်များသည် နှစ်စဉ်အောက်တိုဘာလကုန်မှ ဧပြီလအထိ အာရှဗဟိုပျံသန်းလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့ အာရှ–သြစတြေးလျ (East Asia Australasian Flyway) ပျံသန်းလမ်းကြောင်းတို့မှ ဝင်ရောက်လေ့ရှိသည်။

ခရုစုပ်၊ ခရုတုတ်၊ ခရုစုပ်ခေါင်းမည်း၊ စစ္စလီ၊ ငဟစ်၊ ငှက်ကျား၊ တောဝမ်းဘဲ၊ ငှက်ကြီးဝန်ပို၊ ကြိုးကြာခေါင်းနီ၊ ဘဲရစ်၊ မောက်တင်ဘဲ၊ ဘဲပြာကလေး၊ မြစ်တွေး၊ စင်ရော်၊ ဘဲအစရှိသည့် ငှက်မျိုးစိတ်များသည် အာရှဗဟိုပျံသန်းလမ်းကြောင်းမှ ဝင်ရောက်သည်။ ရေညှော်င့်၊ ဒေါင်းလန်းခြေထောက်၊ တလိုင်းခေါင်း၊ ဂေါ့ဒွစ်၊ သောင်တင်းငှက်၊ ကြိုးကြာခေါင်းမည်း၊ ပို့ချပ်ခေါင်းနီ (Ferruginous Duck)၊ ငှက်နှုတ်သီးလန် စသည့် ဆောင်းခိုငှက်မျိုးစိတ်များသည် အရှေ့အာရှ– သြစတြေးလျ (East Asia Australasian Flyway) ပျံသန်းလမ်းကြောင်းမှ ဝင်ရောက်ကြောင်း သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငှက်ထိန်းသိမ်းရေးဌာနမှ သိရသည်။

"အင်းထဲကို လာရောက်ကျက်စားတဲ့ ငှက်မျိုးစိတ်ကတော့ ၁၈၅ မျိုး၊ ငှက်ကောင်ရေ ၃၀၀၀၀ နဲ့အထက်ရှိတယ်။ ဒီထဲမှာ မျိုးသုဉ်းဖို့ အန္တရာယ်ရှိတဲ့ငှက်မျိုးစိတ် ကြိုးကြာ (Sarus Crane–VU)၊ ငှက်ကြီးဝန်ပို (Spot– billed Pelican– NT)၊ ခရုစုပ်ခေါင်းမည်း (Black– headed Ibis– NT)၊ ငှက်ကျား(Painted Stork–NT)၊ ဥပန်း(Oriental Darter – NT)၊ လင်းယုန်(Greater spotted Eagle–NT )၊ မြစ်တွေး (River Tern – NT)၊ ဂေါ့ဒွစ် (Black–tailed God–NT)၊ စာဘုန်းကြီး (Asian Golden Weaver – EN) ကိုးမျိုးနဲ့ ဆောင်းခိုငှက်မှတ်တမ်းသစ် (New record) ဒေါင်းလန်းခြေထောက်(White–headed Stilt)၊ ငှက်နှုတ်သီးလန် (Pied Avocent)၊ စင်ရော် (Pallas's Gull)၊ စင်ရော် (Heuglin's Gull)၊ မြစ်တွေး (Caspian Tern)၊ (Red– Breasted Mergansar)၊ (Northern Shoveler)၊ (Short–tailed Shearwater)၊ ကြိုးကြာခေါင်းမည်း(Common Crane) တွေကို မှတ်တမ်းတင်ထားရှိပါတယ်။ ဒါကြောင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တဲ့အတွက် ကျွန်မတို့ဌာနအနေနဲ့ ထိန်းသိမ်းရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ရသလို ပတ်ဝန်းကျင်ကျေးရွာတွေကို အင်းကပေးတဲ့ ဂေဟစနစ်ကို နားလည်ထိန်းသိမ်းနိုင်အောင်လည်း အသိပညာပေးရပါတယ်" ဟု အုပ်ချုပ်ရေးမှူးက ပြောပြသည်။

### ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိ

သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာလူမှုရေးအသင်းအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ရန်၊ ရေလုပ်သားအဖွဲ့က အင်း၏ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်၊ ပြည်တွင်း၊ ပြည်ပဧည့်သည်များ သဘာဝဂေဟစနစ်များကို လေ့လာ၍ အပန်းဖြေအနားယူနိုင်ရန်၊ ဒေသခံများ၏ လူနေမှုဘဝများကို လေ့လာနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိပြီး သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ပထမဆုံး ရမ်ဆာရေဝပ်ဒေသ(Ramsar Site) ဖြစ်ခြင်း၊ အရေးကြီးသော ငှက်ထိန်းသိမ်းရေး ဧရိယာဖြစ်ခြင်းနှင့် အရှေ့–အာရှ–သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း၏ (Flyway Network Site) များဖြစ်ပြီး ဆောင်းခိုရေပျော်ငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန်အတွက် အစားအစာနှင့် စားကျက်များကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိသည်။ ထို့ကြောင့် သစ်တောဦးစီးဌာနသည် ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများကို တစ်ဖက်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ဒေသခံများအနေဖြင့် ဂေဟစနစ်ကို မှီတည်ပြီး အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ရေရှည်အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ထိန်းသိမ်းရေးအသိပညာမြင့်မားလာစေရန်တို့ကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၀၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၄၆၀ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၀ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၃၀ | ၂၅၇၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၂၇၃၅ |
| HSD (50 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၅၅ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၇၇၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၅ | ၂၀၉၉ |
| HSD (500 ppm) | ၂၂၃၉ | ၂၃၁၃ |
| HSD (50 ppm) | ၂၂၆၆ | ၂၃၄၁ |
| HSD (10 ppm) | ၂၂၆၆ | ၂၃၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃



# အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်သုံးခုရှိ အိမ်ထောင်စု ၆၅၀ အထောက်အပံ့များရရှိ

**ကဘူးလ် မေ ၈**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်သုံးခုတွင် အိမ်ထောင်စု ၆၅၀ မှာ အထောက်အပံ့များ လက်ခံရရှိခဲ့ကြောင်း နိုင်ငံ၏ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးဌာနက မေ ၈ ရက်တွင် ပြောကြားသည်။

ဆာရီပေါပြည်နယ်မြောက်ပိုင်းတွင် စစ်တမ်းကောက်ယူထားသည့် ရွှေ့ပြောင်းအိမ်ထောင်စု ၄၄၀ မှာ အစားအသောက်အထောက်အပံ့များကို မေ ၇ ရက်က လက်ခံရရှိခဲ့ကြောင်း ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ ဝါဒ့်ပြည်နယ်အရှေ့ပိုင်းတွင် မေ ၇ ရက်က ဆင်းရဲနွမ်းပါးသော မိသားစုဝင် ၁၉၀ မှာ အစားအစာအထောက်အပံ့များ ရရှိခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ပဲ့တီကာပြည်နယ်အရှေ့ပိုင်းတွင် ဒေသခံအာဏာပိုင်များက ရွှေ့ပြောင်းအိမ်ထောင်စု ၂၀ ကို အမေရိကန်ဒေါ်လာ ၂၆၀ ခန့် ဖြန့်ဝေပေးခဲ့ကြောင်း ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

ယခုရက်သတ္တပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ပြည်နယ် ၁၁ ခုရှိ စုစုပေါင်း အိမ်ထောင်စု ၇၆၀၅ စုမှာ အထောက်အပံ့များရရှိခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်၌ အောက်တိုဘာလက အထောက်အပံ့ ပစ္စည်းများ ရရှိခဲ့စဉ်။

## ဂျပန်နိုင်ငံရှိ ရာဟင်အမည်ရှိ ပန်ဒါဝက်ဝံ အမေများနေ့အတွက် လက်ဆောင်များရရှိ

**တိုကျို မေ ၈**

ဂျပန်နိုင်ငံအနောက်ပိုင်း ဝါခါရာမာစီရင်စုရှိ ပန်းခြံတစ်ခုတွင် ပန်ဒါဝက်ဝံတစ်ကောင်မှာ အမေများနေ့အတွက် လက်ဆောင်များ ရရှိခဲ့ကြောင်း သိရသည်။

အသက် ၁၀ နှစ်အရွယ်ရှိ မိခင်မှာ ၎င်း၏ အငယ်ဆုံးသားကို ဧပြီလအထိ ပြုစုပျိုးထောင်ရန် အလုပ်များနေကြောင်း သိရသည်။

မေ ၈ ရက်တွင် ရှာရာ့ဟားမားမြို့ရှိ Adventure World တိရစ္ဆာန်ရုံမှ ဝန်ထမ်းတစ်ဦးက "အမြဲတမ်းကျေးဇူးတင်ပါသည်" ဆိုသည့် စာတစ်စောင်ကို ဖန်တီးရန် ဝါးအပိုင်းအစများကို စီစဉ်ခဲ့ကြောင်း သိရသည်။ ၎င်းတို့မှာ ရာဟင်အမည်ရှိ ပန်ဒါဝက်ဝံ၏ အကြိုက်နှစ်သက်ဆုံးဖြစ်သည့် မုန်လာဥဝါနှင့် မျှစ်များကို ဖော်မွှားပန်းပုံသဏ္ဌာန်ပန်းစည်းပြင်ဆင်ပေးခဲ့ကြောင်းလည်း သိရသည်။

ရာဟင်အမည်ရှိ ပန်ဒါဝက်ဝံသည် ၎င်း၏သားများကို ပြုစုပျိုးထောင်သည့်အတွက် ကျေးဇူးတင်ရှိသည်ကို ပြသလိုကြောင်းနှင့် ရာဟင်က လက်ဆောင်ကို ကြိုက်နှစ်သက်သည့်အတွက် ၎င်းတို့မှာ ပျော်ရွှင်မိကြောင်း ဝက်ဝံထိန်းသိမ်းစောင့်ရှောက်သူ ရှင်တာ့နီ ကီမီယိုက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## နီပေါတောင်တက်လမ်းပြတစ်ဦး ဧဝရက်တောင်ထိပ်သို့ အကြိမ်အများဆုံး တက်ရောက်မှုစံချိန်ချိုး

**ခတ္တမန္ဒူ မေ ၈**

နီပေါတောင်တက်လမ်းပြတစ်ဦးဖြစ်သည့် ကာမီရီတာရှိပါသည် ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်သို့ (၂၆) ကြိမ်မြောက် တက်ရောက်ပြီး ၎င်းတင်ထားခဲ့သောစံချိန်ကိုချိုးခဲ့ကြောင်း သိရသည်။ ၎င်းသည် အဆိုပါတောင်ထိပ်သို့ မေ ၇ ရက် ညနေ ၆ နာရီ ၅၅ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အသက် ၅၂ နှစ်အရွယ်ရှိ ကာမီသည် ၁၉၉၄ ခုနှစ် မေလတွင် ၈၈၄၈ ဒသမ ၈၆ မီတာအမြင့်ရှိ ဧဝရက်တောင်ထိပ်သို့ ပထမဆုံးအကြိမ် တက်ရောက်ဖူးသူဖြစ်သည်။

၎င်းသည် ပါကစ္စတန်နိုင်ငံအတွင်း ၈၆၁၁ မီတာရှိ ကမ္ဘာ့ဒုတိယအမြင့်ဆုံးတောင်ထိပ်နှင့် ၈၅၁၆ မီတာအမြင့်ရှိ ကမ္ဘာ့စတုတ္ထအမြင့်ဆုံး လော့ဆီတောင်ထိပ်သို့ တစ်ကြိမ်စီနှင့် ၈၁၆၃ မီတာအမြင့်ရှိ အဋ္ဌမအမြင့်ဆုံး မာနာစလူတောင်ထိပ်သို့ သုံးကြိမ်နှင့် ၈၂၀၁ မီတာအမြင့်ရှိ ဆဋ္ဌမအမြင့်ဆုံး ချိုအိုယူတောင်ထိပ်သို့ ရှစ်ကြိမ် တက်ရောက်ထားပြီးဖြစ်ကြောင်း သိရသည်။

၎င်းသည် မီတာ ၈၀၀၀ ကျော်ရှိသောတောင်ထိပ်သို့ အကြိမ်ရေအများဆုံး တက်ရောက်နိုင်သူအဖြစ် မှတ်တမ်းတင်ထားသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံ၌ တစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူမရှိ

**ဖနောင်ပင် မေ ၈**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က စ၍ ကိုဗစ်-၁၉ တတိယအကျော့ ဖြစ်ပွားခဲ့သည့်ကာလမှ တစ်နှစ်ကျော်အကြာ မေ ၇ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံး နေ့စဉ် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ တစ်ဦးမှမရှိကြောင်း ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ပြောကြားသည်။

အဆိုပါရလဒ်သည် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုတိုက်ဖျက်ရေးတွင် ကြီးမားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် တညီတညွတ်တည်း ပါဝင်ခဲ့ကြသူများကို အထူးကျေးဇူးတင်ကြောင်း၊ ယင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှုန်း မြင့်မားသည့်အတွက် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးရန်အတွက် ဦးစားပေးအုပ်စုများတွင် ပါဝင်သူများလည်း ကာကွယ်ဆေး သွားရောက်ထိုးနှံကြရန် ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။

သို့သော်လည်း ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုး လုံးဝ ကင်းစင်သွားသည်တော့ မဟုတ်၊ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၁၉ ဦး ရှိနေသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံ့လူဦးရေ ၁၆ သန်းရှိသည့်အနက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူမှာ လူဦးရေ ၁၅ သန်းရှိပြီး ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးသူ ၁၄ ဒသမ ၂၂ သန်း ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု မြင့်မားစွာလွှမ်းခြုံနိုင်ပြီဖြစ်သည့်အတွက် ပြီးခဲ့သည့်နှစ်နိုဝင်ဘာမှစ၍ ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် နယ်စပ်ခရီးသွားဝင်ရောက်မှုများကို အသွားအလာကန့်သတ် စောင့်ကြည့်မှုများလုပ်ဆောင်စရာမလိုဘဲ လုပ်ဆောင်နေပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီး ဌာန၏ မှတ်တမ်းများအရ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ယနေ့အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၃၆၂၆၂ ဦးအနက် ပြန်လည် ကျန်းမာလာသူ ၁၃၃၁၇၇ ဦး၊ သေဆုံးသူ ၃၀၅၆ဦး ရှိပြီဖြစ်သည်။

ဆင်ဟွာ

## လက်ရှိဘဏ္ဍာနှစ်ပထမဆုံးကိုးလအတွင်း ဆိုက်ဘာတိုက်ခိုက်မှု ၅၈၅၆ ကြိမ်ရှိကြောင်း အီသီယိုးပီးယားပြော

**အဒစ်အဘာဘာ မေ ၈**

အီသီယိုးပီးယားနိုင်ငံ၌ လက်ရှိ အီသီယိုးပီးယား ဘဏ္ဍာနှစ်၏ ပထမဆုံးကိုးလအတွင်း ဆိုက်ဘာတိုက်ခိုက်မှု ၅၈၅၆ ကြိမ် ရှိကြောင်း မေ ၇ ရက်တွင် တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ သို့သော်လည်း အဆိုပါတိုက်ခိုက်ခံရမှု၏ ၉၇ ဒသမ ၇ ရာခိုင်နှုန်းကို တားဆီးနိုင်ခဲ့ကြောင်း အီသီယိုးပီးယားသတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေးအေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဆိုလိုမွန်ဆိုကာက ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံကို ပစ်မှတ်ထားတိုက်ခိုက်သည့် ဆိုက်ဘာတိုက်ခိုက်မှု အရေအတွက်သည် ယမန်နှစ်က ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၄၀၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အီသီယိုးပီးယား ရုပ်သံထုတ်လွှင့်မှုကို ကိုးကား၍ ဆိုကာက ပြောကြားသည်။

ဆိုက်ဘာ တိုက်ခိုက်မှုသည် ပထဝီဝင်နိုင်ငံရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအပါအဝင် ရည်ရွယ်ချက်အမျိုးမျိုးရှိကြောင်း ဆိုကာက ပြောကြားသည်။ အီသီယိုးပီးယားသည် ဆိုက်ဘာနည်းပညာကို အဓိကအစိတ်အပိုင်းအဖြစ် အသုံးပြုကာ ကြီးမားသော အခြေခံဝန်ဆောင်မှု အဆောက်အအုံများနှင့် အစိုးရဗျူရိုကရေစီများကို အဆင့်မြှင့်တင်နေကြောင်း သိရသည်။

ဆင်ဟွာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ ဗဟုသုတဖြစ်ဖွယ် Verbs (ကြိယာ) တွေအကြောင်းကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် Common Transitive Verbs အသုံးများတဲ့ v.t (Verb Transitive) များနဲ့ Common Intransitive Verbs အသုံးများတဲ့ v.i (Verb Intransitive) များ အကြောင်းကို မြန်မာလို အဓိပ္ပာယ်ဖွင့်ဆိုချက်များနဲ့ ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about airport English–3" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက်စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာလည်း ယခင်အပတ်က ဖော်ပြခဲ့သည့် Verbs (ကြိယာ) တွေအကြောင်းကို ဆက်လက်ဖော်ပြပေးပါဦးမယ်။

Common Transitive Verbs

အသုံးများသည့် v.t (Verb Transitive) များ

151. show = ပြသည်။
152. shut = ပိတ်သည်။
153. sip = မြည်းစမ်းသည်။
154. smell = နမ်းသည်။ အနံ့ခံသည်။
155. spend = ငွေသုံးစွဲသည်။
156. spin = ချည်ငင်သည်။
157. spit = တံတွေးထွေးသည်။
158. split = ခွဲသည်။ ခြမ်းသည်။
159. spoil = ဖျက်ဆီးသည်။
160. spread = ဖြန့်သည်။ ပျံ့နှံ့သည်။
161. steal = ခိုးယူသည်။
162. strike = ရိုက်သည်။ တီးသည်။
163. study = လေ့လာသည်။
164. suspect = မယုံသင်္ကာဖြစ်သည်။
165. sweep = တံမြက်စည်းလှည်းသည်။
166. take = ယူသည်။
167. tell = ပြောပြသည်။
168. teach = သင်ပြသည်။
169. thank = ကျေးဇူးတင်သည်။
170. throw = ပစ်သည်။
171. thrust = ဖိတွန်းသည်။ တိုးဝင်သည်။
172. turn = လှည့်သည်။
173. use = အသုံးပြုသည်။

174. warm = နွေးအောင်ပြုလုပ်သည်။
175. wash = ဆေးကြောသည်။
176. weave = ရက်လုပ်သည်။
177. wear = ဝတ်ဆင်သည်။
178. win = အနိုင်ရသည်။
179. wind = ရစ်ပတ်သည်။
180. write = စာရေးသည်။

Common Intransitive Verbs

အသုံးများသည့် v.i (Verb Intransitive) များ

1. act = ပြုမူသည်။ ပြုလုပ်သည်။
2. aim = ရည်မှန်းသည်။
3. appear = ပေါ်လာသည်။
4. apply = လျှောက်ထားသည်။ အသုံးချသည်။
5. arise = ဖြစ်လာသည်။ ပေါ်လာသည်။
6. arrive = ဆိုက်ရောက်သည်။
7. bark = ဟောင်သည်။
8. behave = ကျင့်ကြံပြုမူနေထိုင်သည်။
9. belong = ပိုင်ဆိုင်သည်။
10. bleed = သွေးထွက်သည်။
11. bloom = ပွင့်လန်းသည်။
12. boast = ဝါကြွားသည်။
13. breed = မွေးမြူသည်။ ပေါက်ပွားသည်။
14. breathe = အသက်ရှူသည်။
15. burst = ပေါက်ကွဲသည်။
16. care = ဂရုစိုက်သည်။
17. cease = ရပ်စဲသည်။
18. cling = တွယ်ကပ်သည်။
19. conclude = ပြီးဆုံးသည်။ နိဂုံးချုပ်သည်။
20. cry = အော်သည်။ ငိုသည်။
21. deal = ဆက်ဆံသည်။ ရောင်းဝယ်သည်။
22. descend = အောက်သို့ဆင်းသည်။
23. determine = ဆုံးဖြတ်သည်။
24. die = သေသည်။
25. dine = ညစာစားသည်။
26. differ = ကွဲလွဲသည်။
27. fall = လိမ့်ကျသည်။ လဲသည်။
28. flow = စီးဆင်းသည်။
29. forsake = စွန့်ပစ်ထားသည်။ ကျောခိုင်းသည်။
30. freeze = ခဲသည်။
31. gaze = စိုက်ကြည့်သည်။
32. hide = ပုန်းအောင်းသည်။ ဝှက်သည်။
33. increase = တိုးပွားသည်။
34. intend = ကြံရွယ်သည်။
35. jump = ခုန်သည်။
36. kneel = ဒူးထောက်သည်။
37. leap = ခုန်လွှားသည်။
38. lie = လိမ်ပြောသည်။ လဲလျောင်းသည်။
39. live = နေထိုင်သည်။
40. look = ကြည့်သည်။

## Vocabulary (ANTONYMS)

1. evening (ညနေခင်း) ≠ morning (နံနက်ခင်း)
2. ever (အမြဲတမ်း) ≠ never (ဘယ်တော့မှ)
3. everybody (လူတိုင်း) ≠ nobody (မည်သူမျှ)
4. everywhere (နေရာတိုင်း) ≠ nowhere (ဘယ်မှာမှ)
5. exit (ထွက်ပေါက်) ≠ entrance (ဝင်ပေါက်)
6. exterior (ပြင်ပ၊ အပြင်ဘက်) ≠ interior (အတွင်းပိုင်း၊ အတွင်းဘက်)
7. external (ပြင်ပ၊ ပြည်ပ) ≠ internal (အတွင်း၊ ပြည်တွင်း)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION

### Shortest way to talk about airport English–3

ဒီတစ်ပတ်မှာတော့ လေဆိပ် security ကို ဖြတ်တဲ့အခါမှာ ကြုံတွေ့နိုင်တဲ့ ပြဿနာတွေကို ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about airport English–3" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

*Is this your bag, sir?*

*Do you have any liquids?*

*Do you have anything in your pockets?*

*Please place ….*

*I'm afraid …*

၁။ လေဆိပ်မှာ လုံခြုံရေးလို့ခေါ်တဲ့ security ကို ဖြတ်ပြီဆိုရင် သက်ဆိုင်ရာတာဝန်ရှိသူက ဒါမင်းရဲ့အိတ်လားဆိုပြီး မေးလေ့ရှိပါတယ်။ အဲဒါကို ဘယ်လိုပြောလဲဆိုတော့ –

– Is this your bag, sir? ဆိုပြီးပြောပါတယ်။

၂။ အထဲမှာ အရည်တွေပါလားလို့ သက်ဆိုင်ရာတာဝန်ရှိသူက မေးရင်တော့ ဒီလိုမေးတတ်ပါတယ်။

– Do you have any liquids?

၃။ အိတ်တွေထဲမှာ ဘာတွေပါလဲလို့ မေးရင်တော့ ဒီလိုမေးပါတယ်။

– Do you have anything in your pockets?

၄။ ဒါတွေကို ထားလိုက်ပါတို့၊ တင်လိုက်ပါတို့

စသည်ဖြင့် သက်ဆိုင်ရာ စစ်ဆေးသူက ပြောတာကို ကြားဖူးမှာပါ။ အဲလိုပြောတဲ့အခါမှာတော့ Imperative mood နဲ့ပြောလေ့ရှိပါတယ်။ V –inf နဲ့စတဲ့ ဝါကျတွေဟာ တစ်ခါတလေမှာ တစ်ခုခုကို လုပ်ခိုင်းတဲ့ သဘောသုံးပါတယ်။ ဥပမာ–

– Please place laptops in a separate tray.

– Stand on the marks on the floor and raise your arms above you!

၅။ ပြောရတာအားနာပါတယ်လို့ပြောချင်ရင်တော့– I'm afraid … ဆိုပြီးပြောပါတယ်။

Conversation

Going through Security

Hanna takes the role of security officer and Dave is a passenger here.

Hanna: Is this your bag, sir?

Dave: Yes, it is.

Hanna: We need to search it. Do you have any liquids?

Dave: No problem. No, I don't think so.

Hanna: I'm afraid we need to take this bottle. You're allowed containers up to 100ml maximum.

Dave: Okay, sorry, I completely forgot.

Hanna: And this Swiss knife has to go, too.

Dave: But, it's important to me!

Hanna: I can take it, or you'll have to go back and check this bag.

Dave: Well I don't have time for that; I guess you'll have to take it.

Hanna: Very well, sir. Here's your bag.

Dave: Thanks.

Dave takes the role of security officer and Hanna is a passenger here.

Hanna: Excuse me, I'm really late for my flight, can I go to the front of the line?

Dave: Okay, come forward quickly. Make sure everything is out of your pockets, and please place laptops in a separate tray. Please step over this way, ma'am.

Hanna: I'm really late for my flight, could I just …

Dave: Ma'am, please step over here. Stand on the marks on the floor and raise your arms above you. Do you have anything in your pockets?

Hanna: Yes, sorry. I still have some money and my keys.

Dave: Please put them in the tray and come through again.

Hanna: And where's my bag?

Dave: It looks like your bag needs to be searched.

Hanna: This is ridiculous; I'm going to miss my flight.

Dave: Do you have anything sharp in here?

Hanna: No, nothing.

Dave: You can't take the jars on the airplane.

Hanna: Why not?

Dave: It's a liquid, ma'am. No liquids over 100ml.

Hanna: This is crazy! It's only honey.

Dave: I'm afraid those are the rules.

Hanna: Fine, keep them.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# မေ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၈–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၂၄,၉၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၅၃) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၉၆၄) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇–၅–၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၀,၉၃၁,၂၂၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၈၄၆,၉၃၀) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၀၈၄,၂၉၆) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၅၉၄,၇၆၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၇–၅–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၆,၆၁၀,၂၈၃) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၈–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၅၂၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၄၄) ခု | (၂) ဦး |
| **စုစုပေါင်း** | (၈,၁၃၅) ခု | (၄) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၇–၅–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၈၄၆,၉၃၀) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၀၈၄,၂၉၆) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၅၉၄,၇၆၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၀,၉၃၁,၂၂၆) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | (၅၆,၆၁၀,၂၈၃) ကြိမ် |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာန များ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၈-၅ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၅၆၇၇၀၇ | ၈၀၉၃၀၀၈၆ | ၁၀၂၄၅၂၅ |
| ၂။ | အိန္ဒိယ | ၄၃၁၀၂၅၀၈ | ၄၂၅၅၇၄၉၅ | ၅၂၄၀၆၄ |
| ၃။ | ဘရာဇီး | ၃၀၅၅၈၅၃၀ | ၂၉၆၁၇၁၆၄ | ၆၆၄၁၇၉ |
| ၄။ | ပြင်သစ် | ၂၈၉၂၈၀၉၇ | ၂၇၆၂၄၃၅၄ | ၁၄၆၆၇၀ |
| ၅။ | ဂျာမနီ | ၂၅၃၃၇၉၉၆ | ၂၃၂၄၆၉၀၀ | ၁၃၆၉၁၄ |
| ၆။ | ဗြိတိန် | ၂၂၁၁၄၀၃၄ | ၂၁၄၈၇၀၅၉ | ၁၇၆၂၁၂ |
| ၇။ | ရုရှား | ၁၈၂၂၇၆၆၆ | ၁၇၆၀၃၃၉၈ | ၃၇၆၉၄၆ |
| ၈။ | တောင်ကိုရီးယား | ၁၇၅၄၄၃၉၈ | စိစစ်ဆဲ | ၂၃၃၆၀ |
| ၉။ | အီတလီ | ၁၆၇၆၇၇၇၃ | ၁၅၄၇၁၉၉၂ | ၁၆၄၄၁၇ |
| ၁၀။ | တူရကီ | ၁၅၀၄၁၈၉၉ | ၁၄၉၃၉၈၉၃ | ၉၈၈၃၇ |

## ၈-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၇၆၁၈၄ | ၉၃၂၀၅၉၁ | ၄၃၀၅၆ |
| အင်ဒိုနီးရှား | ၆၀၄၈၄၃၁ | ၅၈၈၅၈၅၈ | ၁၅၆၃၈၁ |
| မလေးရှား | ၄၄၅၆၇၃၆ | ၄၃၉၇၈၈၁ | ၃၅၅၇၉ |
| ထိုင်း | ၄၃၂၄၈၅၀ | ၄၂၀၄၄၈၃ | ၂၉၀၉၁ |
| ဖိလစ်ပိုင် | ၃၆၈၇၀၁၈ | ၃၆၂၂၄၇၃ | ၆၀၄၃၉ |
| စင်ကာပူ | ၁၂၁၅၄၉၉ | ၁၁၄၇၂၉၆ | ၁၃၅၀ |
| မြန်မာ | ၆၁၃၀၅၃ | ၅၉၁၉၆၄ | ၁၉၄၃၄ |
| လာအို | ၂၀၈၅၃၅ | ၂၀၇၁၈၂ | ၇၄၉ |
| ဘရူနိုင်း | ၁၄၂၈၅၈ | ၁၄၁၈၀၆ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၁ | ၃၀၅၆ |

# ပွဲခါညောင်ရေ သွန်းမြဲပေတည့်

ဇေယျာနွယ်(အောင်လံ)

မြန်မာတို့သည် ဆယ့်နှစ်လရာသီခွင်ကို လအလိုက် ပိုင်းခြားပြဆိုထားပြီးနောက် နွေ၊ မိုး၊ ဆောင်း ဟူသည့် ဥတုသုံးလီ၊ ရတုခြောက်ပါးကို ခွဲခြားထားကြပြန်သည်။ မြန်မာတို့၏ နွေ၊ မိုး၊ ဆောင်း ရာသီပြောင်းသည်မှာ နက္ခတ်အလိုက် တွက်ချက်ခြင်းဖြစ်ပါ၏။

သိပ္ပံပညာရှင်များကမူ ကမ္ဘာသည် လုံးဝန်း၏။ အကယ်၍သာ ကမ္ဘာသည် ၂၃ ၁/၂ ဒီဂရီတိမ်းစောင်းမနေပါဘဲ တည့်တည့်မတ်မတ်ထောင်လျက် တစ်နေ့တစ်ပတ် လည်နေမည်ဆိုလျှင် နွေ၊ မိုး၊ ဆောင်း ဟူသည့် ရာသီဥတုသုံးမျိုး ပေါ်ပေါက်လာမည်မဟုတ်ပေ။ အကယ်၍ ကမ္ဘာကြီးသာစောင်းမနေခဲ့ပါလျှင် အီကွေတာ တောင်အရပ်သည် အစဉ်သဖြင့် နွေကာလဖြစ်နေကာ ကမ္ဘာ၏မြောက်ပိုင်းနှင့် တောင်ပိုင်းသည် အစဉ်ထာဝရ ဆောင်းရာသီဖြစ်နေကြလိမ့်မည်။ နေ့တာ၊ ညတာတို့သည် အစဉ်တူညီနေပေမည်။ ကမ္ဘာသည်မည်သည့်နေရာတွင်မှ နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုပြောင်းလဲမည်မဟုတ်ဟု ဖွင့်ဆိုထားကြသည်။

**ဥတုသုံးလီ**

(၁) ဂိမှာနဥတု(နွေ) တပို့တွဲလဆုတ် ၁၀ ရက်မှ ဦးတန်ခူးလဆန်း ၁၂ ရက်

(၂) ဝဿာနဥတု(မိုး) နယုန်လဆန်း ၅ ရက်မှ သီတင်းကျွတ်လဆုတ် ၁၁ ရက်

(၃) ဟေမန္တဥတု(ဆောင်း) သီတင်းကျွတ်လဆုတ် ၁၁ ရက်မှ တပို့တွဲလဆုတ် ၁၁ ရက်

**ရတုခြောက်ပါး**

(၁) ဂိမှရတု - တန်ခူးလဆုတ် ၁ ရက်မှ နယုန်လဆုတ် ၅ ရက်အထိ

(၂) ဝဿာနရတု - နယုန်လဆုတ် ၅ ရက်မှ ဝါခေါင်လဆုတ် ၉ ရက်အထိ

(၃) သရဒရတု - ဝါခေါင်လဆုတ် ၉ ရက်မှ သီတင်းကျွတ်လဆုတ် ၁၁ ရက်အထိ

(၄) ဟေမန္တရတု - သီတင်းကျွတ်လဆုတ် ၁၁ ရက်မှ နတ်တော်လဆုတ် ၁၁ ရက်အထိ

(၅) သိသိရရတု - နတ်တော်လဆုတ် ၁၁ ရက်မှ တပို့တွဲလဆုတ် ၁၁ ရက်အထိ

(၆) ဝသန္တရတု - တပို့တွဲလဆုတ် ၁၁ ရက်မှ ၁၃၈၂ ခု ဦးတန်ခူး လဆုတ် ၁၂ ရက်အထိ

ဆရာမင်းသုဝဏ်က ရတုခြောက်ပါးကို ဖော်ပြသည့် ရတုကဗျာကို အောက်ပါအတိုင်း ဖွဲ့ဆိုထားသည်ကို မှတ်သားရပါသည်။

ဝါဆို ဝါခေါင် ဝဿာန၊
အနောက်တောင်က မိုးသက်ကျ။
တော်သလင်း သီတင်းကျွတ် သရဒ၊
ယင်းမာကတောက် ကြာပန်းလှ။

တန်ဆောင်မုန်း နတ်တော် ဟေမန္တ၊
မြောက်လေပြန်၍ ဆီးနှင်းကျ။
ပြာသို တပို့တွဲ သိသိရ၊
ခွာညိုပေါက်လဲ ဖူးပွင့်ကြ။
တပေါင်း တန်ခူး ဝသန္တ၊
ဥဩတွန်၍ တောင်လေကျ။
ကဆုန် နယုန် ဂိမှာန၊
မိုးခြိမ်းသံနှင့် လျှပ်ရောင်ပြ။
ရတုခြောက်ပါး ဆယ့်နှစ်လ၊
အခါလည်က ပြန်၍စ။

**ရာသီမသိ ပန်းနှင့်ညို**

သဘာဝအတိုင်း ရာသီနက္ခတ်တို့ ပြောင်းလဲသည့်အတိုင်း ဖူးပွင့်ကြသည့် ပန်းပွင့်များကို ကြည့်၍ ရှေးမြန်မာကြီးများက လအမည်ကို အမှတ်သညာပြုခဲ့ကြသည်။ ယင်းကဲ့သို့ ရာသီမသိ၊ ပန်းနှင့်ညိုရန် စာဆိုရှင် ကင်းဝန်မင်းကြီးက မြန်မာ့ဓလေ့ရိုးရာ အယူအဆ ဖူးပွင့်ကြသည့်ပန်းများကို လအလိုက် ညွှန်ပြ၍ လေးချိုးကဗျာဖြင့် သီကုံးခဲ့သည်။

"ပန်းကံ့ကော်၊ ရွှေစကား၊ ငွေသားနုစပယ်မှန်၊ မြတ်လေးခတ္တာနှင့်၊ ရွှေယင်းမာကြာခဝဲ၊ ဖွဲစနှင်းလျှို၊ သဇင်ကျန်၊ ခွာတံပေါက်လဲ၊ ပွင့်ဝတ်မှုန်၊ ရွှေဖီဆင်း၊ သင်းထုံနံ့ကဲ"

တန်ခူး(မိဿရာသီ) ကံ့ကော်ပန်း။
ကဆုန်လ(ပြိဿရာသီ) စံကားပန်း။
နယုန်လ(မေထုန်ရာသီ) စံပယ်ပန်း။
ဝါဆိုလ(ကရကဋ်ရာသီ) မြတ်လေးပန်း။
ဝါခေါင်လ(သိဟ်ရာသီ) ခတ္တာပန်း။
တော်သလင်းလ(ကန်ရာသီ) ရင်းမာပန်း။
သီတင်းကျွတ်လ(တူရာသီ) ကြာပန်း။
တန်ဆောင်မုန်းလ(ဗြိစ္ဆာရာသီ) ခဝဲပန်း။
နတ်တော်လ(ဓနုရာသီ) သဇင်ပန်း။
ပြာသိုလ(မကာရရာသီ) ခွာညိုပန်း။
တပို့တွဲလ(ကုံရာသီ) ပေါက်လဲပန်း။

တပေါင်းလ(မိန်ရာသီ) သရဖီပန်းတို့ အသီးသီး ရာသီအလိုက် ဖူးပွင့်ကြသည်ဟု အဓိပ္ပာယ်ရသည်။

**စံကားပွင့်စုံ လကဆုန်**

စံကားပန်းကို ရှေးအခါက မြန်မာစာပေအဖွဲ့တွင် စကားပန်းဟု ရေးခဲ့ကြ၏။

"ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား
စုံတောပြားဝယ်၊ နံ့ရှားကြိုင်လွင့်
ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား ပန်းစကား..."

ဟူသည့် ကဗျာသည် ပုဂံခေတ်ကပေါ်ပေါက်ခဲ့သော မြန်မာကဗျာဟု ပုဂံဝန်ထောက် ဦးတင်က ပြဆိုသည်။

ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်လရာသီအိုင်ချင်း၌ ကဆုန်လ၏ ရာသီအခေါ်အဝေါ်၊ ရာသီပန်းနှင့် ရာသီရုပ်၊ ရာသီပွဲတော်တို့ကို တိုတိုရှင်းရှင်းနှင့် ဖွဲ့ဆိုထားရှိရာကို မှတ်သားထားသင့်သည်။

"ပြိဿကဆုန်၊ မြူးခုန်နွားနှင့်
စံကားပွင့်လို့၊ ခါသင့်ချိန်ခါ
ညောင်ရေတော်ပွဲ၊ ထွန်းမြဲဝိသာခါ "

ကဆုန်လသည် ဗုဒ္ဓဘာသာဝင်များအဖို့ မမေ့အပ်သည့် ပူဇော်ထိုက်သော ဗုဒ္ဓနေ့ထူးနေ့မြတ်ဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

**တစ်ဆယ့်နှစ်လ မိုးလင်္ကာ**

ရှေးမြန်မာကြီးများသည် ဆယ့်နှစ်လရာသီတစ်နှစ်ပတ်လုံး "ဆယ့်နှစ်လမိုး" ရွာသွန်းပုံကို ရေးဖွဲ့ထားသည့် ကဗျာလင်္ကာမှာ ရေးသူကိုမသိ၊ ပိုင်ရှင်မရှိသော်လည်း မြန်မာတို့၏ ခေါင်းထဲတွင် မမေ့မလျော့ ကိန်းအောင်းလျက်ရှိပါသည်။ မုံရွေးဇေတဝန်ဆရာတော်၏ မှတ်စုစာအုပ်ကို ကိုးကား၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(က) တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး။
(ခ) ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။
(ဂ) နယုန်မိုးသေး၊ မြက်သားမွေး။
(ဃ) ဝါဆိုလပြောင်း၊ မိချောင်းဖွေးဖွေး၊ မိုးအေးအေး။
(င) ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း။
(စ) တော်သလင်းတိမ်ညို၊ စဖိုသည်ဆင်းရဲ၊ မိုးမစဲ။
(ဆ) သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။
(ဇ) တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတစ်ဖြိုက်၊ မိုးတလိုက်။
(ဈ) နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။
(ည) ပြာသိုချမ်းပြင်း၊ မိုးညှင်းညှင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်။
(ဋ) တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်မိုးကြွင်း။
(ဌ) တပေါင်းလည်းကူး၊ မိုးသားကြူး။ ။

**ကဆုန်အတွင်း မြေသင်းပျံ့ပျံ့မိုးနံ့နံ့**

ကဆုန်လတွင် နေရာအနှံ့အပြား မိုးရွာသွန်းသော်လည်း မိုးသေးသေးသာရွာ၍ သဲသဲမဲမဲ များများစားစား ရွာနိုင်ခြင်း မရှိသေးပါ။ မိုး၏ရှေ့ပြေး မိုးဖွဲဖွဲ ရွာသွန်းမှုကြောင့် မြေသင်းနံ့ကလေးများဖြင့် ပျံ့မွှေးနေတတ်ပါသည်။

ကုန်းဘောင်ခေတ် ဉာဏ်ဝန်ကြီးဦးဖြေ၏ ဆယ့်နှစ်ရာသီဖွဲ့လေးချိုးတွင် ကဆုန်မိုးကို

"တောတောင်ငယ်ပတ်ခြံ၊ မြေသင်းပျံ့လည်း
ရနံ့ကြူးကြူး၊ မိုးသားမြူးနှင့်
ထွေထူးမျိုးခေါ်၊ စည်ကြီးကြော်လို့
တီးဆော်ညံ့ညံ့၊ မိုးပွဲပဲခံတော့" ဟူ၍ ကဆုန်မိုးကို ဖွဲ့ဆိုထားသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဆိုသည့်အတိုင်း ချောင်းငယ်နှင့် အင်းအိုင်ရေကန်တို့ ခန်းခြောက်သည်။ မြေပြင်နှင့် ဝန်းကျင်တွင် ရာသီဥတုက ပူပြင်းလှသည်။

**မဟာအတုလမင်းကြီး၏ ကဆုန်လဘွဲ့တွင်**

"မြူခြေငယ်စွန်းပါလို့၊ နေဝင်းငယ်စက်ရှိန်
တောက်လောင်ငယ် ထိန်သည်၊
ဖလ်သူရိန်တေဇာကြောင့်
ပူဗျာပါကဲတဲ့လကိုလေး။
ရာသီငယ်ပြိဿ၊ မဟေသီလည်း
ရွှေညီခလို့၊ ပန်းမြစကားဝါ
ဝိသာခါနှင့်၊ တာရာခြံရံ
စန်းငွေယုန်ဖန်သည့်နှယ်၊
ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ
လကဆုန်တာရေပွဲပေမို့၊
သဲလှတယ်လေး"ဟု ဖွဲ့ဆိုထားသည်။

မြေပြင်တွင် အပူဒဏ်မခံနိုင်ဘဲ မိုးကိုသာမျှော်နေကြသည်။ မိုးဒေဝါကလည်း ရွာတော့မည့်ဟန်ဖြင့် ကောင်းကင်ပြင်တွင် တဂျိမ်းဂျိမ်းနှင့် မိုးခြိမ်းသံပေးနေသည်။ တိမ်ဖြူတိမ်ပြာတို့ကလည်း ဟိုပြေးသည်ပြေး ရွေ့လျားနေသည်။ တစ်ခါတစ်ရံ လျှပ်ပန်းလျှပ်နွယ်တို့ကလည်း ပြိုးပြိုးပြက်ပြက် ကောင်းကင်ကစုံ မိုးသံပေးလျက်ရှိသည်။

စာဆိုရှင် စုံနံ့သာမြိုင် ဦးကြော့က ကဆုန်နွေလ၏ မြင်ကွင်းရှုခင်းကို မိုးကောင်းကင်တွင် မိုးရွာမည့်ဟန်နှင့် လမ္မရာစည် ပုစ္စန်လက်မ စည်များကို တီး၍ မိုးသံပေးနေသည်ဟု ရေးဖွဲ့ထားခဲ့သည်။

"ဟေမန် နွေလှန်လို့ တုံ့ပြန်တော့
ဘွေသဟံ ဝေယန်ဘုံ့ဆီက၊
လေပြန်လှို့ဆော်ခဲ့ပြီ။
ပင်ပေါ်ထက် ရော်ရွက်ဝါထိန်ဝေနှင့်
ခါဂိမ္ဗေ သည်တခေတ်တွင်မှ၊

စာမျက်နှာ ၁၇ သို့

❐ ကဆုန်လအခေါ်အဝေါ်အရ "က"မှာ "ရေ" ဟု အနက်ရသည်။ "ဆုန်" မှာကား သွန်းခြင်း၊ လောင်းခြင်း၊ ဖျန်းခြင်းဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လသည် ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလဟု အဓိပ္ပာယ်ရရှိပါသည်။

❐ ရှေးဟောင်း ပုဂံခေတ်က သက္ကရာဇ် ၄၆၉ တွင် ရေးထိုးသည့် ထီးလှိုင်ရှင်ကျောက်စာမှစ၍ "ကုဆုန်" ဟု ရေးထိုးကြသည်။ "ကုဆုန်" မှ "ကဆုန်"အရေးအသားသို့ ရွေ့လျောသွားသည်။ "ကုဆုန်၊ "ကဆုန်လ" အခေါ်အဝေါ်သည် မြန်မာတို့၏ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်း အစဉ်အလာက လွှမ်းမိုးလာဟန်တူသည်ဟုလည်း မှတ်သားရပါသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပသည်မှာလည်း ပုဂံပြည်သို့ သာသနာတော်ရောက်သည်မှ အစပြုနိုင်ကြောင်း ညွှန်ပြကြသည်

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအနိုင်ရ

ရန်ကုန် မေ ၈

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ပထမနေ့ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းက တီမောအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ပွဲဦးထွက်ပွဲတွင် အနိုင်ရခဲ့သဖြင့် ကျေနပ်စရာကောင်းခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များရှိသေးပြီးနောက်ကျဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီရန် လိုအပ်နေသေးသလို အသက်ကျော်ကစားသမားများ၊ ပြည်ပတွင် သွားရောက်ကစားနေသူများနှင့် ပေါင်းစပ်ရာတွင် လိုအပ်ချက်များရှိနေသေးသည်။

ပထမပွဲတွင် အရေးနိမ့်ထားသည့် တီမောအသင်းသည် မြန်မာအသင်းကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီး နှစ်ဂိုးအရှုံးမှ နှစ်ဂိုးပြန်သွင်းကာ သရေတစ်မှတ်ရယူနိုင်ရန်အထိ နီးစပ်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ပထမပိုင်းတွင် အသက်ကျော်ကစားသမားများနှင့် ပြည်ပကလပ်များတွင် ကစားနေသူများကို အသုံးမပြုဘဲ ပြည့်ဖြိုးသူ (ဂိုး)၊ ဟိန်း ဇေယျာလင်း၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ အောင်ဝဏ္ဏစိုး၊ ရန်ကျော်စိုး၊ မြတ်ကောင်းခန့်၊ ဇော်ဝင်းသိန်း၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိသော်လည်း မြန်မာအသင်းက အခွင့်အရေးများ အသုံးချနိုင်ခဲ့သဖြင့် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၃၇ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၄၁ မိနစ်တွင် ထက်ဖြိုးဝေတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းနည်းပြချုပ်ပိုပေါ့ဗ်သည် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး အသက်ကျော်ကစားသမားများဖြစ်သည့် မောင်မောင်လွင်၊ ဝင်းမိုးကျော်၊ အောင်ကောင်းမာန် အပါအဝင် ဟိန်းထက်အောင်တို့ကို လူစားလဲအသုံးပြုခဲ့သည်။ သို့သော် ဒုတိယပိုင်းတွင် မြန်မာအသင်းသည် တီမောအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရပြီး ၅၂ မိနစ်တွင် မိုဇီနို၊ ၆၄ မိနစ်တွင် ဆိုရာရတ်စ်တို့က ချေပဂိုးများ ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး တီမောအသင်းမှာ ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၉၀+၅ မိနစ်တွင် အောင်ဝဏ္ဏစိုးက သွင်းယူခဲ့သည်။

အုပ်စု(က) အခြားပွဲတွင် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မြန်မာအသင်းက တစ်ပွဲကစား သုံးမှတ်ရထားပြီး တစ်ပွဲကစားထားသည့် အင်ဒိုနီးရှား၊ နှစ်ပွဲကစားထားသည့် တီမောအသင်းတို့မှာ အမှတ်မရသေးပေ။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

*❍ ကျောဖုံးမှ*

မေ ၉ ရက် **(ယနေ့)** စတင်မည်ဖြစ်ပြီး ဖိလစ်ပိုင်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ) ပွဲစဉ်များကို မေ ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မေ ၇ ရက်မှစတင်ကာ ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသမီး အသင်းသည် တောင်ကိုရီးယားခြေစမ်းခရီးစဉ်မှ မေ ၆ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး မေ ၇ ရက်မှစတင်ကာ လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာလည်း မြန်မာအမျိုးသမီးအသင်း ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာချိန်တွင် အသင်းနှင့် စတင်ပူးပေါင်းလျက်ရှိသည်။

**ရဲရင့်လွင်**

*❒ ကျောဖုံးမှ*

လီဗာပူးအသင်းအတွက် ချေပဂိုး ကို ပွဲချိန် ၇၄ မိနစ်တွင် ဒီယက်ဇ်က သွင်းယူပေးခဲ့သည်။

အခြားသောပွဲစဉ်တွင် ဝုဖ်အသင်းသည် ပဲလေ့စ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်မှ နော့ဝှစ်ချ်အသင်းနှင့် အတူ တန်းဆင်းခဲ့ရပြီဖြစ်သည်။ ဘန်လေအသင်းသည် ပြိုင်ဘက် ဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် တန်းဆင်းရမည့်အရေးနှင့် ကြုံတွေ့နေရဆဲ ဖြစ်သည်။ မန်ယူအသင်းက ဘရိုက်တန်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ရာသီပြီးဆုံးရန် တစ်ပွဲအလိုတွင် ရမှတ် ၅၈ မှတ်ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေပြီး အဆိုပါရမှတ်ဖြင့် ရာသီပိတ်သိမ်းခဲ့မည်ဆိုပါက ၁၉၉၀-၁၉၉၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရမှတ်ရရှိမှု ဖြစ်လာမည်ဖြစ်သည်။ ဘရန့်ဖို့ဒ်နှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် ဘရန့်ဖို့ဒ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချယ်ဆီးနှင့်ဝုဖ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ မေ ၈ ရက်ပွဲစဉ်များတွင် အာဆင်နယ်က လိဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး လက်စတာက အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးကာ ဝက်စ်ဟမ်းက နော့ဝှစ်ကို လေးဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ မန်စီးတီးက နယူးကာဆယ်ကို ငါးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဇယားထိပ်၌ ဆက်လက်ရပ်တည်နေသည်။ **အောင်ဇော်**

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇) ရပ်ကွက် မြို့နယ်ကြက်ခြေနီရုံး၌ မေ ၈ ရက်က ကျင်းပရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးမြင့်လွင် အမှာစကားပြောကြားစဉ်။

ဝင်းအိမွန်(ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

ညှာလိမ်ကြွေ တမည်လှစ်မည်ကြောင့်
အသစ်ထွေထွေကာစုပါလို့
ပုရစ်ခွေတမာနုမှာကွယ် ကျေးဥစီစီ။
ခင်တန်းလျှိုသပြေပင်က၊
ရွှေသဇင် သုတ်လေနှောပြန်တော့
နေဝင်လျှင် ဘုတ်တွေရောပါလို့၊
အုတ်ရွှေဩရယ်က တွန်သံချီ၊
ဌာနီနှင့်ကွာဝေး။
ဖန်ခါခါ၊ လမ္ဘာရာစည်ဦဂ္ဃိုပေမို့
ဝသန်ဆည်မချိုပြီဘူး
ပူမိသည်နော်ရဂုံက
တော်ကဆုန်ညောင်ရေသွန်းချိန်မို့၊
ဖော်မစုံ အောင်မြေကွန်းဆီသို့
လွမ်းလှသေး။

**ဆယ့်နှစ်လရာသီပွဲတော်များ**

မြန်မာတို့သည် ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းနှင့် ဘုန်းမီးနေလတောက်ပခဲ့သည့် ရှေးအခါသမယ ပုဂံခေတ်မတိုင်မီ ကာလကပင် ဗုဒ္ဓဘာသာ အဆုံးအမများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို ယှက်နွယ်၍ တန်ခူးလမှ တပေါင်းလအထိ ရာသီပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်။

လက်ဝဲသုန္ဒရအမတ်ကြီးက သာဓိနပျို့တွင် စာပေဖြင့် ဆယ့်နှစ်ရာသီပွဲတော်များကို “သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပုလွေခင်း၊ ပဥ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျဉ်၊ ဤသို့ယှဉ်သား၊ လစဉ်စမြဲ၊ ဆယ့်နှစ်ပွဲ” ဟု မှတ်တမ်းတင်ခဲ့သည်။

**ပွဲခါညောင်ရေ သွန်းမြဲပေတည့်**

ကဆုန်လအခေါ်အဝေါ်အရ “က”မှာ “ရေ” ဟု အနက်ရသည်။ “ဆုန်”မှာကား သွန်းခြင်း၊ လောင်းခြင်း ဖျန်းခြင်းဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လသည် ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလ ဟု အဓိပ္ပာယ်ရရှိပါသည်။

ရှေးဟောင်း ပုဂံခေတ်က သက္ကရာဇ် ၄၆၉ တွင် ရေးထိုးသည့် ထီးလှိုင်ရှင်ကျောက်စာမှစ၍ “ကုဆုန်” ဟု ရေးထိုးကြသည်။ “ကုဆုန်” မှ “ကဆုန်”အရေးအသားသို့ ရွေ့လျောသွားသည်။ “ကုဆုန်၊ “ကဆုန်လ” အခေါ်အဝေါ်သည် မြန်မာတို့၏ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်း အစဉ်အလာက လွှမ်းမိုးလာဟန်တူသည်ဟုလည်း မှတ်သားရပါသည်။ ညောင်ရေသွန်းပွဲတော် ကျင်းပသည်မှာလည်း ပုဂံပြည်သို့ သာသနာတော်ရောက်သည်မှ အစပြုနိုင်ကြောင်း ညွှန်ပြကြသည်။

အင်းဝခေတ် ဆယ့်နှစ်ရာသီဖွဲ့ ကဆုန်လဖွဲ့ကို စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီး ရေးသားသည့် လူးတားတွင်-

“သာစွလေ၊ ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ ကောင်းကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ ရာသီပြိုသ၊ အလှကြိုင်မြူး၊ ကွမ်းဖူးစံကား၊ လှိုင်ပျံ့ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လကား၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင်ဝယ်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဠ္ဍူလုရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမှုထည့်လျက်၊ ပတ်လည့်ညာကြော၊ ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်၊ အခါညောင်ရေသွန်းတည့်လေး၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး” ဟု ဖွဲ့ဆိုထားသည်။ ညောင်ရေသွန်းလောင်းသည့် ကဆုန်လ ရာသီပွဲတော်မှာ ယနေ့အထိ ပြုလုပ်ကျင်းပဆဲဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များအဖို့ ဆယ့်နှစ်လရာသီတွင် ကဆုန်လကို မွန်မြတ်သောလဟု ယူဆထားကြ၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ကဆုန်လ၌ (၁) ဘုရားဖြစ်ရန် ဆုပန် ဗျာဒိတ်တော်ခံယူရရှိခဲ့ခြင်း၊ (၂) ဖွားမြင်တော်မူခြင်း၊ (၃)ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း၊ (၄)ပရိနိဗ္ဗာန် စံတော်မူခြင်းတို့ကြောင့် ကဆုန်လကို မွန်မြတ်သောလဟု ယူဆကြခြင်းဖြစ်ပါသည်။ အတိုကောက်အားဖြင့် “ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်”ဟု လည်းကောင်း၊ “ဆု၊ ဖွား၊ ပွင့်၊ စံ ဤလေးတန် မှတ်ရန်ကဆုန်လ” ဟူ၍ လည်းကောင်း ဆိုရိုးစကားပြုထားသည်။

ကဆုန်လရာသီတွင် နွေလယ်နေဖြစ်သည့်နှယ် ပူပြင်းခြောက်သွေ့ပါ၏။ တန်ခူး ရေကုန်၊ ကဆုန် ရေခန်းဟုလည်းကောင်း၊ ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန် ဟူ၍လည်းကောင်း ဆိုရိုးစကား ရှိသည့်အတိုင်း အလွန်ပူလောင်လှပါသည်။ ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို မာရ်နတ်မင်း၏ နှောင့်ယှက်မှုများကြားက အောင်မြင်နိုင်ခဲ့ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိခဲ့၍ ဘုရားစင်စစ် ဧကန်ပွင့်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် အထွတ်အမြတ်ထားသည့် ဗောဓိညောင်ရွှေ ဗုဒ္ဓဟေပင်ကြီး ရေလို၍ ညိုးနွမ်းခြင်းမဖြစ်စေရန် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရေသွန်းလောင်းပူဇော်ပွဲကို ကျင်းပရခြင်းဖြစ်သည်။

မင်းနှင့်ပြည်သူတို့ ကျင်းပခဲ့သည့် ညောင်ရေသဘင်ပွဲတော်ကို နေပြည်တော်မှ အဝေးရောက် နယ်နှင်အပြစ်ဒဏ်ကျခံနေရသည့် မဲဇာဒေသရောက် လက်ဝဲသုန္ဒရအမတ်ကြီးက ဆင်ဖြူရှင် ဘုရင်မင်းမြတ်ထံ “မဲဇာတောင်ခြေ” အစချီရတုဖြင့် အရှင်မင်းမြတ်နှင့် အရှေ့နန်းတည် ရတနာသိဃ်မြို့တော် ညောင်ရေသွန်းပွဲတော်တို့ကို တမ်းတသည့် ရတုပိုဒ်စုံကို ဆက်သခဲ့သည်။

“မဲဇာတောင်ခြေ စီးထွေထွေတည့်
မြစ်ရေဝိုင်းလည် မြိုင်တောဆီက
ရွှေပြည်ကိုသာ၊ တရှာတော့မိ၊
ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်
ရိုသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်
မဲဇာရပ်သူ၊ တောင်းဆုယူသည်
ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား၊
ရွှေနန်းရွှေဘုံ၊ အလုံးစုံကို
အာရုံမျက်မြင်၊ ဖူးမြော်ချင်၍
သည်တွင်ရွှေမြို့၊ သည်သို့စေတီ
သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်
စိတ်ကရည်သည် ရွှေပြည်ဌာနဝေးသောကြောင့်”
စသည်ဖြင့် ရေးသားခဲ့သည်။ ။

**ရည်ညွှန်းကျမ်းများ**


** မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပထမတွဲမှ သတ္တမတွဲထိ
** ဦးဖိုးလတ် သီချင်းပဒေသာ
** ဦးသော်ဇင် ရာသီသဘင်
** ဦးဖိုးလတ် မြန်မာလအမည်များ

# နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်း ဘားအံမြို့နယ် ဒုံရင်းတိုက်နယ်၌ ဖွင့်လှစ်

ဘားအံ မေ ၈

**ကရင်တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်း မြှင့်တင်ပြီး ရေရှည်တည်တံ့ပြန့်ပွားစေရေးအတွက် မေ ၈ ရက် နံနက် ၉ နာရီခန့်က ဘားအံမြို့နယ် ဒုံရင်းတိုက်နယ် အောက်ရေတံခွန်တိုက်ကျောင်း၌ နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် သဘာပတိ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် တပ်ရင်းမှူး ဗိုလ်မှူး စောစိုးစိုး က အမှာစကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရှေးဘိုးဘွားများ သားစဉ်မြေး ဆက်လက်ဆင့်ကမ်း အမွေချန်ထားပေးခဲ့သည့် စာပေ၊ ဘာသာစကား၊ အနုပညာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ရေရှည်တည်တံ့အောင်နှင့် ပြန့်ပွားထွန်းကားလာအောင် တာဝန်ရှိသူများက ယခုလို သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ် ကြောင်း၊ မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက် လက္ခဏာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ကြရန်လိုပြီး မိမိတို့လူမျိုးအတွက် ကောင်းမွန်သည့် အနာဂတ် အမွေကောင်းများထားခဲ့နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နွေရာသီကရင်စာပေနှင့် ယဉ်ကျေးမှု သင်တန်းဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး က သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး

ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၂၀၀ ကို ထောက်ပံ့ပေးအပ်ရာ သဘာပတိဗိုလ်မှူးစောစိုးစိုးက လက်ခံရယူသည်။

ယနေ့ဖွင့်လှစ်သည့် နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၅ ရွာမှ သင်တန်းသား၊သင်တန်းသူဦးရေ ၁၀၀၀ ကျော် တက်ရောက်ကြပြီး မေ ၈ ရက်မှ ၂၅ ရက်ထိ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘာသာ ရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ စည်းလုံး ခြင်းသည်အင်အားဟု အဓိပ္ပာယ်ရသော ကရင်တေး သီချင်းကို စုပေါင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်း ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရွာငံမြို့နယ်တွင် ဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်သည့် ချီယာစေ့များ စမ်းသပ်စိုက်ပျိုးလာကြ

ရွာငံ မေ ၈

**ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် အလယ်ချောင်ကျေးရွာတွင် ဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်သည့် ချီယာစေ့ (Chia Seed) များ စမ်းသပ်စိုက်ပျိုးလာကြသည်။ ချီယာစေ့ ၏ မူရင်းဒေသသည် မက္ကဆီကိုနိုင်ငံဖြစ်ပြီး ၁၆ ရာစုတွင် Aztec လူမျိုးစုများက စစ်တိုက်ရာတွင် ခွန်အား ပြည့်ဝသည့် ချီယာစေ့ကို စားသုံးခဲ့ကြသည်။ ချီယာစေ့အရွယ်အစားမှာ ၂ မီလီမီတာအရွယ်၊ သေးငယ်ပြီး ပြားသော ဘဲဥပုံသဏ္ဌာန်နှင့် အဖြူနှင့် အမည်းစပ်ကြားအရောင်ရှိသည်။ ချီယာစေ့များကို ရေစိမ်လိုက် သောအခါ မူလအလေးချိန်ထက် ၁၂ ဆ ပွလာပြီး ဂျယ်လီကဲ့သို့ ဖြစ်လာသည်။**

အဆိုပါ ချီယာစေ့များကို ၂၁ ရာစုတွင် မက္ကဆီကို၊ ဂွါတီမာလာ၊ ဘိုလီဗီးယား၊ အာဂျင်တီးနား၊ အီကွေဒေါ၊ နီကာ ရာဂွါနှင့် ဩစတြေးလျ နိုင်ငံများ တွင် စီးပွားရေးအရ ကျယ်ကျယ် ပြန့်ပြန့် စိုက်ပျိုးကြသည်။ ချီယာစေ့အထွက်နှုန်းမှာ မျိုး၊ စိုက်စနစ်၊ မြေမျက်နှာပြင်၊ ရာသီဥတု အနေအထားပေါ်မူတည်၍ ကွာဟမှုရှိနိုင်သည်။ ချီယာစေ့ သည် ရာသီသီးနှံ တစ်မျိုးဖြစ်ပြီး နှစ်ရှည်မျိုးမဟုတ်ပါ၊ ၎င်းသည် ရက်တိုအပင် အမျိုးအစားဖြစ် သည်။ ချီယာစေ့ကို ဝါဆိုလတွင် ပျိုးထောင်ပြီး ပျိုးသက် ၂၈ ရက် သားတွင် မြေချရွှေ့ပြောင်း စိုက်ပျိုး ရသည်။ ချီယာစေ့စိုက်ပျိုးရာတွင် ပင်ကြားတန်းကြားကို နှစ်ပေ၊ သုံးပေခန့်ထားရပြီး နွားချေး နို့ဆီ ဘူးနှစ်ဘူးခန့် ထည့်သွင်းစိုက်ပျိုး ရသည်။ စိုက်ပျိုးပြီး အတော အတွင်း ကြားပေါင်းတစ်ကြိမ် လိုက်ပေးရသည်။ ချီယာစေ့ကို မိုးရာသီတွင် စိုက်ပျိုးပြီး ဆောင်း အဝင် တန်ဆောင်မုန်းလ၌ ရိတ်သိမ်းရသဖြင့် ရာသီချိန်တွင် စိုက်ပျိုးပါက သက်တမ်းရက် ပေါင်း ၁၄၅ ရက်သားတွင် ရိတ်သိမ်းနိုင်ပြီး တစ်ကေလျှင် ပိဿာချိန် ၁၅၀ နှင့် ၂၀၀ ကြား ထွက်ရှိနိုင်သည်။ နွေရာသီတွင် စိုက်ပျိုးနိုင်သော်လည်း ၎င်း သက်တမ်းမှာတိုပြီး အထွက်နှုန်း လျော့ကျနိုင်သည်။ ထွက်ရှိလာ သည့် ချီယာစေ့များကို လုံးဝ သန့်စင်လျှင် ဈေးကောင်းရနိုင်ပြီး ပုံမှန်အားဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးကွက်ရှိ သည့် သီးနှံဖြစ်သည့်အပြင် ထိုင်း နိုင်ငံသို့လည်း တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် တောင်သူများအတွက် အကုန်အကျသက်သာပြီး ပြည်ပ ပို့ကုန်သီးနှံဖြစ်လာနိုင်ပြီး တွက်ချေ ကိုက်သည့် သီးနှံဖြစ်သဖြင့် ယခုအခါတွင် ရွာငံမြို့၌လည်း စမ်းသပ်စိုက်ပျိုးလာကြကြောင်း ချီယာစေ့ စမ်းသပ်စိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

ပြည့်ဖြိုးသန့်(ရွာငံ)


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေး အဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက် များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည် ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm


# နာဂဒေသ ပန်ဆောင်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများပြုလုပ်

**ပန်ဆောင် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ လီဒိုလမ်းမ ဝဲယာပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးနှင့်ခြင်ကြောင့်ဖြစ်ပွား တတ်သော ကူးစက်ရောဂါအန္တရာယ် ကင်းဝေးစေရန် ရည်ရွယ်၍ မေ ၈ ရက် နံနက် ၆ နာရီခွဲက ပန်ဆောင် မြို့ အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်း အဖွဲ့က ပြည်သူ့အကျိုးပြု စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူများ ကြီးကြပ် ကာ မြို့အုပ်ချုပ်ရေး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်း များ စုပေါင်းအင်အား ၃၀ တို့က လီဒိုလမ်းမဝဲယာ ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ သန့်ရှင်းခြင်း၊ ချုံနွယ် များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက် များ ကောက်ယူရှင်းလင်းခြင်း လုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စုပေါင်းဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

ဂျာယော်(ပန်ဆောင်)

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဇောင်းတူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းမူမြို့၊ တောင်တွင်းကြီးမြို့နှင့် ကျောက်တော် မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Courses များ ဖွင့်လှစ်မည်

**သန်လျင် မေ ၈**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် တတ်သိနားလည်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Courses များကို ၁၂.၅.၂၀၂၂ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်–

- Certificate in Business Law
  Link; https://forms.gle/at6hi7o9RYmGKUuEA
- Certificate of Proficiency in Business English
  Link; https://forms.gle/vS7tkQoeBycokfuB7
- Certificate in Entrepreneurship and Business Management
  Link; https://forms.gle/QDqWkDmCDU1xTJbF6

အဆိုပါ သင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link များမှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၁၀.၅.၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၅ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၀၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၀၅၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၉၅ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၂၀ ကျပ် | ၂၂၅၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၆ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၈၇၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၃၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၄၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၈၀၀ | ၇၂၅ | ၅၆၄၈၃၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၁၂၁၃ | ၃၁၆၃၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၇၄ | ၁၂၃၂၄၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |

ညီညီ - စုစည်းသည်

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၅-၂၀၂၂ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၃၀ မွေးမြူရေးရာအဖြာဖြာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၃:၃၀ MRTV National News
၁၄:၅၀ အလှဖြာဝေငွေတောင်ပြည်
၁၆:၃၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၅၀ Road to 31st SEA Games Vietnam (တိုက်ကွမ်ဒို)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဲ့တိုက်ပွဲရင်ဆိုင်ချိတက်' (အပိုင်း–၁၄)(ဇာတ်သိမ်း)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း–၂၁)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'အဆိပ်သင့်မေတ္တာ'

**mitv**

07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:07 Mogok, Ruby Land
07:24 Myanmar Musical Orchestra
07:27 Those Who Never Give Up (Ep-6) In Pursuit of a dream
08:01 Mushroom Farming
08:25 Myanmar Traditional Thatched Roofs: Nipa Palm
08:41 The Great Collector: Myanmar Antique Furniture and Handicraft
09:01 News
09:27 Global Partnership for Brighter Future: Colombia Pavilion at Expo 2020 Dubai
09:35 Discovering Tribes- Gaybar Kayin
10:01 Lines & Wash Painting

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မြန်မာ့လက်မှုပညာ ပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း–၁)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အစွမ်းထက်တဲ့ငရုတ်ကောင်းအကြောင်းသိကောင်းစရာ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း–၁)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်လာဘ်ကောင်ပျာလ္လအကြောင်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း–၂)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မုန့်ဖတ်ထောင်းပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာမလေ့ဆိုရိုးစကားများ (အပိုင်း–၃)

**ဝဏ္ဏကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ချင်းရိုးရာကြက်သားသုပ်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၄၅ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါးဖွင့်ကြသူများ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၆)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း–၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း–၆)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ လုပငဝေစည်ရှမ်းတို့ပြည်
၀၆:၄၅ စပါးအခြောက်စိုက်ခင်းများနှင့် ပေါင်းပြဿနာအဖြေရှာ
၀၇:၁၅ မကွေးမြေတစ်ခွင် သီးထပ်သီးညှပ်သီးနှံများနှင့်အလှဆင်
၀၈:၂၀ ဇလုပ်ခြံ၏စွမ်းပကား
၀၉:၂၀ ပေါ်ဆန်းဆိုရွှေဘို

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## မော်လမြိုင်မြို့ ရာမညအားကစားကွင်း အဆင့်မြှင့်တင်မှု ဆောင်ရွက်လျက်ရှိ

မော်လမြိုင် မေ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမညအားကစားကွင်း ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက မေ ၆ ရက်က ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ကာယပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းခြင်း လုပ်ငန်းနှင့် အထူးတန်းပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း အားကစားကွင်းနှင့် အားကစားဥယျာဉ်များ တည်ဆောက်ကာလူငယ်နှင့်အားကစားကဏ္ဍကို အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ မင်းရွာကျေးရွာရှိ ပြည်နယ်အားကစားဥယျာဉ်စီမံကိန်းသို့ သွားရောက်ပြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စီမံကိန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးလုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောက်လုပ်ရန် မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အားကစားဥယျာဉ်အတွင်း တည်ဆောက်လျက်ရှိသော (၁၂၀x၄၄) ပေအဆီးသုံးထပ် အားကစားသမားအိပ်ဆောင် နှစ်ဆောင် တည်ဆောက်ရေးလုပ်ငန်း၊ (၁၂၀x၄၀) ပေအဆီးနှစ်ထပ်ထမင်းစားဆောင် တည်ဆောက်ရေး လုပ်ငန်း၊ (၆၀x၃၀) ပေ အဆီး မီးဖိုဆောင် တည်ဆောက်ရေး လုပ်ငန်း၊ (၁၀၇x၂၉) ပေ အဆီးလေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း၊(၉၈x၅၂)ပေ အဆီးလေးခန်းတွဲ နှစ်ထပ် အရာထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း၊ မီတာ ၄၀၀ ဘောလုံးကွင်း Inner Fencing ကာရံခြင်းနှင့် မြက်ခင်းပြင်လုပ်ငန်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင် (မြန်/ဆက်)

## သာပေါင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

သာပေါင်း မေ ၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကန္တဲ့ညောင်ကုန်းကျေးရွာအုပ်စု စက်ဒေါင့်ကြီး အ.ထ.က ကျောင်း၊ မီးသတ်စခန်း၊ တိုက်နယ်ဆေးရုံများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများက မေ ၇ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန္တဲ့ညောင်ကုန်းကျေးရွာအုပ်စု စက်ဒေါင့်ကြီးကျေးရွာ အ.ထ.က ကျောင်းသို့ သွားရောက်ကြပြီး ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံကာ ကျောင်းတက်ရောက်ရေးကိစ္စရပ်များ မှာကြားပြီး ကျောင်းမှ အတွင်းလမ်း၊ အန္တရာယ်ဆောင်ဖျက်သိမ်းရေး၊ ဆရာ ဆရာမ နေအိမ်ရရှိရေး၊ ကျောင်းခြံစည်းရိုးကာရံရေးတို့ကို တင်ပြကြရာ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေကျပ် တစ်သိန်း၊ ဗလာစာအုပ်၊ နှာခေါင်းစည်းများ ထောက်ပံ့ပေးသည်။

ဆက်လက်၍ မီးသတ်စခန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ထောက်ပံ့ငွေကျပ် တစ်သိန်း ပေးအပ်ခဲ့သည်။

ထို့နောက် တိုက်နယ်ဆေးရုံအား ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာသုံးဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအား ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးဇော်သိန်း (မြန်/ဆက်)

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြဝတီ မေ ၈

ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားကြီးတွင် မေ ၇ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူး စိုင်းဇော်မိုးထွန်းတို့ ဦးဆောင်၍ မြဝတီခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ အရာရှိစစ်သည် တပ်ဖွဲ့ဝင်များ၊ မြဝတီခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ နယ်မြေခံ နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

မြဝတီမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ စုပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် မေ ၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Appraisal Wells Drilling Campaign (13A) လုပ်ငန်းများအား Semi-Submersible Drilling Ring, SHEN LAN TAN SUO ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Restricted Area Boundary Coordinates for M-9 13A တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈.၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄.၁၀၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀.၀၀၀ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀.၀၀၀ စက္ကန့်၊ IPoint F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁.၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀.၅၀၀ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈.၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄.၁၀၈ စက္ကန့်နှင့် Individual Surface Location of Well တွင် Point Zawtika-41(GTK-42C) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၅.၇၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၂၄.၁၉၈ စက္ကန့်၊ Point Zawtika-42 (GTK-42A/43) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၆.၂၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၉.၆၄၁ စက္ကန့်၊ Point Zawtika-43(GTK-41G/D) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၉ မိနစ် ၂၂.၆၆၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၂၆.၈၈၀ စက္ကန့်၊ Point Zawtika-44 (GTK-10C)မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၁၅.၄၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၇ မိနစ် ၁၂.၃၆၃ စက္ကန့်၊ Point Zawtika-45(KKN-70B/C) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၁၇.၀၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၃.၃၆၁ စက္ကန့်၊ Point Zawtika-46 (KKN-71A) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၁.၄၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၅.၀၃၀ စက္ကန့်၊ Point Zawtika-47(ZTK-29/A/B) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၆ မိနစ် ၂၂.၇၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၁၆.၈၀၃ စက္ကန့်၊ Point Zawtika-48 (ZTK-27/A) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၄၈.၅၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၄၈.၃၃၇ စက္ကန့်၊ Point Zawtika-49(KKN-56CL) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇ မိနစ် ၁၃.၂၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၁၃.၅၉၁ စက္ကန့်၊ Point Zawtika-50(KKN-39B) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၁၃.၃၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၃.၄၅၅ စက္ကန့်၊ Point Zawtika-51 (KKN-30/B/A) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၅.၄၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၁၀.၇၅၀ စက္ကန့်၊ Point Zawtika-52(GTK 41) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၃ မိနစ် ၃၂.၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃ မိနစ် ၁၉.၄၅၂ စက္ကန့်နှင့် Point Zawtika-53 (SPA-1 Up dip) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၈.၈၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅ မိနစ် ၅၂.၈၈၀ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ မေလ (၃၀) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ M-9 တွင် Appraisal Wells Drilling Campaign (13A) လုပ်ငန်းများအား Semi-Submersible Drilling Ring, SHEN LAN TAN SUO ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့်ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# မဟာစရိယနှင့် ပါဠိပထမပြန် စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်များ ဆက်ကပ်

မုံရွာ မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် အစိုးရမဟာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်သည့် စာအောင်သံဃာတော်များနှင့်သီလရှင်များအား စာအောင်ဆုနှင့်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် ပူဇော်ပွဲ နှင်းသဘင်အခမ်းအနားကို မေ ၆ ရက်က မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပင့်သံဃာဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဟာစရိယ စာမေးပွဲအောင် ဆရာတော် သုံးပါးအား စာအောင်လက်မှတ်နှင့် ဝတ္ထုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က ပထမကြီးတန်း စာမေးပွဲအောင် ဆရာတော်များအားစာအောင်လက်မှတ်နှင့် ဝတ္ထုငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက ပထမလတ်တန်းနှင့် ပထမငယ်တန်းအောင် ဆရာတော်များအား စာအောင်လက်မှတ်နှင့် ဝတ္ထုငွေများကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

၂၀၂၂ ခုနှစ် အစိုးရမဟာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်နှင့် အရာတော်မြို့နယ်များမှ သံဃာတော်များ ဝင်ရောက်ဖြေဆိုခဲ့ပြီး မဟာစရိယစာမေးပွဲအောင် သံဃာတော်သုံးပါး၊ ပထမကြီးတန်းစာမေးပွဲအောင် ၂၇ ပါး၊ ပထမလတ်တန်း စာမေးပွဲအောင် ၂၂ ပါး၊ ပထမငယ်တန်း စာမေးပွဲအောင် ၃၄ ပါး၊ အခြေပြုမူလတန်း စာမေးပွဲအောင် ၉၂ ပါး စုစုပေါင်း ၁၇၈ ပါးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး (မြန်/ဆက်)

## ၂၀၂၂ ခုနှစ် ပါဠိပထမပြန် စာမေးပွဲ မြို့နယ်အသီးသီး၌ စတင်ကျင်းပ

လှည်းကူး

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၂၂ ခုနှစ် ပါဠိပထမပြန် စာမေးပွဲကို မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးကြပ်ကာ စစ်ကိုင်းကျောင်းတိုက်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် မေ ၇ ရက်က စတင်ကျင်းပရာ သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၅၅၀ ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲကို မေ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုကြသည့် သံဃာတော်များ၊ သီလရှင်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သာသနာရေးဦးစီးဌာနတို့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အေးအေးနွဲ့(မြန်/ဆက်)

လှိုင်သာယာ

လှိုင်သာယာအရှေ့ပိုင်းမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီး သုံးထပ်ဆောင်၌ ကျင်းပသည့် အစိုးရပါဠိပထမပြန် စာမေးပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ အဖွဲ့ဝင်ဆရာတော်များနှင့် ပထမပြန်ကြီးကြပ်ရေး ဆရာတော်များက ကြီးကြပ်ကာ ပထမကြီးတန်းတွင် သံဃာ ၃၂ ပါး၊ သီလရှင် ခြောက်ပါး၊ ပထမလတ်တန်းတွင် သံဃာ ၅၃ ပါး၊ သီလရှင် ရှစ်ပါး၊ ပထမငယ်တန်းတွင် သံဃာ ၆၉ ပါး၊ သီလရှင် ၅၄ ပါး၊ အခြေပြု မူလတန်းတွင် သံဃာ ၈၉ ပါး၊ သီလရှင် အပါး ၅၀ ဖြေဆိုလျက်ရှိသည်။ စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းကိုနှင့် တာဝန်ရှိသူများက ဝေယျာဝစ္စများနှင့် ကျန်းမာရေးကိစ္စရပ်များကို ပိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်(မြန်/ဆက်)

ကျောက်တန်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် ပါဠိပထမပြန် စာမေးပွဲကို ရွှေမော်ဝန်းသာသနာ့ဗိမာန်တော်၌ ကျင်းပရာ ပထမကြီးတန်းတွင် သံဃာတော် ခြောက်ပါး၊ ပထမလတ်တန်းတွင် ၁၉ ပါး၊ ပထမငယ်တန်းတွင် ၅၇ ပါး၊ အခြေပြုမူလတန်းတွင် ၁၀၈ ပါး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲ လာရောက်ဖြေဆိုကြသည့် စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရန် စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ် (မြန်/ဆက်)

ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ဓိုးယ်းကောင်းတန်ဆောင်းတော်ကြီး၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် သီလရှင်ကျောင်းတိုက် ခုနစ်တိုက်မှ အခြေပြုမူလတန်းတွင် ၂၄ ပါး၊ ပထမငယ်တန်းတွင် ၁၁ ပါး၊ ပထမလတ်တန်းတွင် သုံးပါး၊ ပထမကြီးတန်းတွင် ငါးပါး စုစုပေါင်း ၄၃ ပါး ဝင်ရောက်ဖြေဆိုကြပြီး စာဖြေသံဃာတော်များနှင့် သီလရှင်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များက ပိုင်းဝန်းလှူဒါန်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဝင်းကြိုင်(မြန်/ဆက်)

# ကော့သောင်းမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

ကော့သောင်း မေ ၈

သစ်ပင်သစ်တော၏ တန်ဖိုးကို နားလည်ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရန် ရည်ရွယ်၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၇ ရက်က ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ခုနစ်မိုင်ဂေါက်ကွင်းတွင် ကျင်းပရာ ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက တက်ရောက်ပြီး ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အဖွဲ့ဝင်များ၊ ပြည်သူများက သတ်မှတ်ထားသည့်နေရာတွင် သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ကော့သောင်းခရိုင် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပျဉ်းကတိုးနှင့် မဟော်ဂနီပင် စုစုပေါင်း ၃၀၀ တို့ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# မိုးမိတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာ ၁၂ ရွာ၌ ဆောင်ရွက်မည်

မိုးမိတ် မေ ၈

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး စုစုပေါင်းငွေကျပ်သိန်း ၁၂၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာ ၁၂ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၂ ရွာမှာ ပုန်းထွန်းမန်ကောင်၊ တုန်ဓေး၊ ပန်ဟိုင်း၊ မန်ပေါင်၊ ပြိန်းဆန်း၊ ဘော်ဒေ(ရှေး)၊ ကင်းချောင်း(ရှေး)၊ နဘူး(လီရှူ)၊ တဲကြီးကုန်း၊ ကင့်နွယ်၊ မိုးလိုကျေးရွာများဖြစ်ပြီး ယင်းကျေးရွာများတွင် ကျေးရွာတစ်ရွာလုံး ဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာ၏ လိုအပ်ချက်နှင့်အခွင့်အလမ်းများအပေါ် အခြေခံရေးဆွဲထားသည့်လုပ်ငန်းများ၊ ကျေးရွာပြည်သူလူထုကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များ ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ကျေးရွာများ ရွေးချယ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျေးရွာစီမံကိန်းကော်မတီများ ဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်း၊ စီမံချက်များ ရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရှစ်ခုနှင့် ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းလေးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသခံပြည်သူများ၏ သဘောဆန္ဒအရ ပဏာမရွေးချယ်ထားကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

စိုးမိုးကျော်

ယခင်နှစ်က စီမံကိန်းအရ ဆောင်ရွက်ပြီးစီးနေသော ကျေးရွာတွင်းလမ်းတစ်လမ်း။

# သရက်ခရိုင်အတွင်းရှိ ကျေးရွာ ၅၀ ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တိုးချဲ့ဆောင်ရွက်မည်

ကျေးရွာတစ်ရွာ၌ စီမံကိန်းအရ ဆောင်ရွက်ထားသည့် ဆိုလာစီးလင်းရေးလုပ်ငန်း။

သရက် မေ ၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို သရက်ခရိုင်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာပေါင်း ၅၀ ၌ စီမံချက်များ ရေးဆွဲပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းကို သရက်မြို့နယ်၌ ၁၃ ရွာ၊ မင်းလှမြို့နယ်၌ ၁၂ ရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၌ ၁၂ရွာနှင့် အောင်လံမြို့နယ်၌ ၁၃ ရွာ စုစုပေါင်း ကျေးရွာ ၅၀ တို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား တိုးချဲ့ရေးဆွဲပြီး ကျေးရွာ၏ လိုအပ်ချက်များကို ဦးစားပေးအစီအစဉ်ဖြင့် ရွေးချယ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဦးကျော်စန်းဒွေးထံမှ သိရသည်။

ပြည်သူလူထု ကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းဖြစ်သည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ကျေးရွာများကို ရွေးချယ်ရာတွင် အကျိုးခံစားရမည့် အိမ်ထောင်စုများသည့် ကျေးရွာများ၊ စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်သည့် ကျေးရွာများ၊ ညေးလုံးညီညွတ်မှုရှိသည့် ကျေးရွာများ စသည့် သတ်မှတ်ချက်များဖြင့် ကိုက်ညီသည့် ကျေးရွာပေါင်း ၅၀ ကို သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် စိစစ်ရွေးချယ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးက ပြောသည်။

ကိုလှိုင်

# ကျောက်ဆည်မြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၂၂) ဆင်း

ကျောက်ဆည် မေ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ လူငယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရှေးဦးပြုစုခြင်းဆိုင်ရာ အသိပညာများ ပိုမိုရရှိစေရန် ရည်ရွယ်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၂) ဆင်းပွဲကို ခရိုင်ပြည်သူ့စာကြည့်တိုက်လူထုအခြေပြုဗဟိုဌာန၌ မေ ၇ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းတွင် သင်ယူတတ်မြောက်ခဲ့သော ပညာရပ်သည် အရေးကြုံခဲ့ပါက ကူညီကယ်ဆယ်ရာတွင် ထိရောက်မှုရှိသည့်အတွက် မိမိကိုယ်တိုင်နှင့် မိသားစုများ၊ ပတ်ဝန်းကျင်ရှိ ပြည်သူများအား လက်တွေ့အသုံးချကာ ကူညီကြစေလိုကြောင်းနှင့် ရှေးဦးပြုစုခြင်းဖြင့် လူတစ်ဦး တစ်ယောက်၏ အသက်ကို အမှန်တကယ် ကယ်ဆယ်နိုင်သည့်အတွက် သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် လက်တွေ့အသုံးချဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသူများအား ဆုများနှင့် သင်တန်းသား သင်တန်းသူများအားသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးပြုစုခြင်း အခြေခံသဘောတရား၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်းအကြောင်းအရာများကို လည်းကောင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ မူးမေ့ခြင်း၊ အဆိပ်မိခြင်း၊ သတ္တဝါများ ကိုက်ခြင်း၊ တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ကြွက်သားနှင့် အရိုးဆက်အကြောဒဏ်ရာများအကြောင်းနှင့် လူနာကိုင်တွယ်ခြင်း၊ သယ်ဆောင်နည်းများ၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာ ၁၁ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

သက်ဇောင်

# သနပ်ပင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး

သနပ်ပင် မေ ၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအရ သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာများအရောက် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အသိပညာပေးဆွေးနွေးခြင်းနှင့် ပြည်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေးအခမဲ့ ဆေးကုသခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကျိုက်ပဒိုင်ကြီးကျေးရွာနှင့် ကျိုက်ပဒိုင်လေး ကျေးရွာများ၌ ပြုလုပ်ခဲ့ကြသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့က စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် အချက်အလက်များကို ပညာပေးဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများက သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နေ့ဝီယာမြက်မျိုးများ အခမဲ့ဖြန့်ဝေခြင်း၊ ကျေးရွာများ၌ မွေးမြူထားသည့် ဒေသတိုင်းရင်းကြက်များအား အိုင်တူးကြက်လည်လိမ်ကာကွယ်ဆေး မျက်စဉ်းခတ်ပေးခြင်း ဆောင်ရွက်ကာ မြို့နယ်ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာလမင်းနိုင်နှင့် အဖွဲ့က ဒေသခံပြည်သူ ၄၅ ဦးအား သွားနှင့်ခံတွင်းဆိုင်ရာရောဂါများကို အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

လှမိုး
(မြန်/ဆက်)

# ပင်းတယမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ရှင်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ပင်းတယ မေ ၈

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြို့နယ်မှောရုံ၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပပြီးစီးခဲ့သော အစိုးရပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်မှ) အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များအား ဆုချီးမြှင့်သည့် ရှင်ဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အစိုးရပါဠိပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကန်တော်ကျောင်းဆရာတော်အား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ကာလင်းကသာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် စာမေးပွဲစာအောင်သံဃာတော်များအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့ ဈွမ်းကွမ်းဆက်ကပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများက စာအောင်ဆုလက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

မြို့နယ်(မြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ်၌ နွေနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထား

မင်းဘူး မေ ၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် စားသုံးဆီ ဖူလုံစေရေးအတွက် နွေနှမ်း ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။

နွေနှမ်းစိုက်ပျိုးရာတွင် ဆည်ရေနှင့် မြစ်ရေတင်စီမံကိန်းများမှ ရေပေးဝေမှုဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး အိုင်းမဆည်ရေဖြင့် ဧက ၁၆၇၀၀၊ ကမ်းနီမြစ်ရေတင် စီမံကိန်းမှရေဖြင့် ဧက ၄၅၀၊ ကျောက်စံလျှပ်စစ်ရေတင်စီမံကိန်းမှရေဖြင့် ဧက ၄၀၀၊ မြေအောက်ရေတူးဖော်ပေးဝေရေးမှ ရေဖြင့် ၈၂၁ ဧကတို့ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေနှမ်း စိုက်ပျိုးမှုများ လျာထားချက်ပြည့်မီရေး မျိုးကောင်းမျိုးသန့်ဖြစ်စေရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ သွင်းအားစုအလုံအလောက် ရရှိရေးတို့အပြင် ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဝန်ထမ်းများကကွင်းဆင်း၍ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း လက်ထောက်ဦးစီးမှူးထံမှ သိရသည်။

ဇေယျာထက်(မင်းဘူး)

# ပဲခူးမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

ပဲခူး မေ ၈

ပဲခူးမြို့နယ်သစ်တောဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီအကြို ရေလောင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၇ ရက်က ပဲခူးမြို့နယ် ကန်တော်ကြီးကြိုးဖြင့်ကာကွယ်တော၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကန်တော်ကြီးကြိုးဖြင့်ကာကွယ်တောအတွင်းရှိ သီးနှံသစ်တောရောနှောစိုက်ခင်းဧရိယာ ဧက ၂၀ ၌ အမြင့် ၂ ပေနှင့်အထက်ရှိသော ပိတောက် အပင် ၁၀၀၊ ပျဉ်းကတိုး အပင် ၅၀၊ ယမနေ အပင် ၅၀၊ သရက် အပင် ၃၅ နှင့် ဝိန္ဒု ၃၅ ပင် စုစုပေါင်း အပင် ၂၇၀ ကို ပဲခူးမြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# အိမ်မဲမြို့နယ်၌ The Nippon Foundation က ကျောင်းဆောင်သစ်လှူဒါန်း

အိမ်မဲ မေ ၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ငါးဖျင်းသာလက် ကျေးရွာတွင် The Nippon Foundation က ဆောက်လုပ်လှူဒါန်းသော အလျား ပေ ၇၀၊ အနံ ပေ ၃၀ ရှိ အုတ်နှစ်ထပ်ကျောင်းဆောင်သစ်ကို မေ ၇ ရက်က မြို့နယ်ပညာရေးဌာနသို့ လွှဲပြောင်းလှူဒါန်းသည်။

ကျောင်းဆောင်သစ် ဖွင့်ပွဲတွင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့်၊ ခရိုင်ပညာရေးမှူးဆရာကြီး ဦးစံသိန်းကျော်၊ The Nippon Foundation (Artic) မန်နေဂျင်းဒါရိုက်တာ ဦးစောသနတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် တာဝန်ရှိသူများက ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။ထို့နောက်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို The Nippon Foundation က မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်သက်ထယ်(အိမ်မဲ)

## အိမ်မဲမြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

အိမ်မဲ မေ ၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနက ဦးဆောင်၍ မေ ၇ ရက်က ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး မြို့နယ် ဆရာဝန်ကြီး ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထက်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် တာဝန်ရှိသူများက အဖွဲ့ငါးဖွဲ့ခွဲ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ချောင်းဝ ပိုင်းရပ်ကွက် (၁)လမ်းမှ (၅)လမ်းအထိ အိမ်ခြေ ၃၀၀ ကျော်မှ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အတွက် အသိပညာပေးခြင်း၊ ရေစည် ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

"သွေးလွန်တုပ်ကွေး ရောဂါဟာ သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်လာသော ခြင်ကျား (Aedes) အကိုက်ခံရခြင်းမှ တစ်ဆင့် ကူးစက်ပါတယ်။ အသက်အရွယ်မရွေး ဖြစ်နိုင်ပြီး အသက် ၁၅ နှစ်အောက်ကလေးများ အထူးသဖြင့်အသက် ငါးနှစ်မှ ကိုးနှစ်အရွယ် ကလေးများမှာ အများဆုံး ဖြစ်ပွားပါတယ်။ အသက် ၁၅ နှစ်အထက်လူကြီးတွေမှာ ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားတာကိုတွေ့ရပါတယ်။ တစ်နှစ်ပတ်လုံး ကူးစက်နိုင်ပြီး မိုးရာသီမှာ အများဆုံးဖြစ်ပွားကာ တောရောမြို့ပါ ဖြစ်ပွားပါတယ်။ ခြင်ကျားဟာ နေ့အချိန်မှာပိုကိုက်ပါတယ်။ ခြင်ကျားလောက်လန်းဟာ ကြည်ရေသန့်နဲ့ မိုးရေတင်ကျန်နိုင်တဲ့ ဘူး၊ ခွက်၊ တာယာဟောင်းများမှာ ပေါက်ပွားပါတယ်။ သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများကတော့ လတ်တလော ဖျားနာခြင်း (နှစ်ရက်မှ ခုနစ်ရက်ခန့်) ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်ပါတယ်။ စတင်ဖျားတဲ့အချိန်ကစပြီး ၃ ရက်မှ ၅ ရက်အတွင်း သွေးလန့်တဲ့ လက္ခဏာများ ပေါ်တတ်ပြီး အသက်အန္တရာယ် ရှိနိုင်ပါတယ်" ဟု မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ မျိုးကျော်အောင်က ပြောကြားသည်။

ချစ်သက်လယ်
(အိမ်မဲ)

### လုယက်ခံရသည့် ဆိုင်ကယ် ၁၁ စီးကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်

လားရှိုး မေ ၈

လားရှိုးမြို့ မြို့မရဲစခန်းက ဖမ်းဆီးရမိသည့် လုယက်ခံရသော ဆိုင်ကယ်များကို မေ ၈ ရက်တွင် လားရှိုးမြို့ပေါ် ရပ်ကွက်များမှ ပိုင်ရှင်များထံသို့ မြို့မရဲစခန်း ရဲဌာနမှူးရုံးခန်းမ၌ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့ (လားရှိုး) မှ ရဲမှူးကြီး ဇေယျာဦးက လုယက်ခံရသည့် ဆိုင်ကယ်ပိုင်ရှင်များနှင့် တွေ့ဆုံ၍ ဆိုင်ကယ် ၁၁ စီးကို ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ကာ ဖော်ထုတ်ဖမ်းဆီးရမိသည့် ဆိုင်ကယ်လုယက်မှုများမှ တာဝန်သိ သတင်းပေးပြည်သူများကိုလည်း ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့သည်။ လားရှိုးမြို့မရဲစခန်း၌ ဖမ်းဆီးရမိထားပြီး ပိုင်ရှင် စုံစမ်း၍ မရသေးသော ဆိုင်ကယ်များလည်း ရှိနေသေးရာ ဆိုင်ကယ်လုယက်ခံရသူများ၊ ပျောက်ဆုံးသူများအနေဖြင့်လည်း လားရှိုးမြို့မ ရဲစခန်းသို့ လာရောက်စုံစမ်းနိုင်ကြောင်း သိရသည်။

ဟန်ဌေး

## ပခုက္ကူမြို့၌ အသက် နှစ်လမှ ၁၈ လအတွင်း ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင် စုစုပေါင်း ၄၇၀၀ ကျော်အား ပုံမှန်ကာကွယ်ဆေးထိုးနှံပြီးစီး

ပခုက္ကူ မေ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန် ရည်ရွယ်၍ ပုံမှန်ကာကွယ်ဆေး

ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို လစဉ်ပုံမှန် ဆောင်ရွက်ပေးလျက်ရှိရာ မေ ၇ ရက်အထိ အသက် နှစ်လမှ ၁၈ လအတွင်း ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင် စုစုပေါင်း ၄၇၀၀ ကျော်အား ကာကွယ်ဆေးများ ထိုးနှံပြီးစီးကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပခုက္ကူမြို့ ဒေသန္တရကျန်းမာရေးဌာနခွဲ(၁)နှင့် (၂)တို့တွင် မေ ၁ ရက်မှစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အသက် နှစ်လမှ ၁၈ လအတွင်း ကလေးငယ်များအား ဘီစီဂျီ၊ ပိုလီယို၊ ဝက်သက်-ဂျိုက်သိုး၊ ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)နှင့် ဦးနှောက်အမြှေးရောင်ရောဂါများ ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်ရာ မေ ၇ ရက်အထိ ကလေးငယ် ၄၅၃၃ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၆၆ ဦး စုစုပေါင်း ၄၇၉၉ ဦးတို့အား ပုံမှန်ကာကွယ်ဆေး ထိုးနှံပြီးစီးနေပြီဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာအုပ်စုများတွင် ဆေးထိုးစုရပ်နေရာ သတ်မှတ်ကာ နယ်မြေခံကျန်းမာရေးဝန်ထမ်းများက လစဉ်ပုံမှန် လှည့်လည်ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးမထိုးရသေးသည့် ကလေးငယ်များကို ဆေးထိုးစုရပ်နေရာများတွင် လာရောက်ထိုးနှံကြရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကျန်းမာရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန်နှင့် ရောဂါလက္ခဏာတစ်ခုခု ဖြစ်ပေါ်လာပါက ဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံးသွားရောက်ပြသရန် လိုအပ်ကြောင်းတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)

### ဖန်းမော်မြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ဖန်းမော် မေ ၈

မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ကချင်ပြည်နယ် ဖန်းမော် မြို့နယ်ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ "ကြင်နာစိတ်ထား ကြက်ခြေနီများ လူတိုင်းအပေါ်ကူညီသွား(Be Human Kind)"ဆောင်ပုဒ်ဖြင့် ဖန်းမော်မြို့တော်ခန်းမ၌ ယနေ့ကျင်းပသည်။

အခမ်းအနားတွင် ဖန်းမော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ပေးပို့သော ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ဖန်းမော်မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဖတ်ကြားကာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကငါးကြိမ်အထက် သွေးလှူသော သွေးလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်၍ ဖန်းမော်မြို့နယ် ကြက်ခြေနီအသင်းခွဲက ခင်းကျင်းပြသထားသော လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အခမ်းအနားသို့တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

### ငပုတောမြို့နယ်၌ဂုံညင်းတန်း-လေးလောင်းရွာချင်းဆက်တံတား တည်ဆောက်လျက်ရှိ

ငပုတော မေ ၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း ဂုံညင်းတန်း-လေးလောင်းရွာချင်းဆက် တံတားအသစ် တည်ဆောက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်(၁)ဗိုလ်မှူး ဖြိုးသူရကျော်တို့က မေ ၇ ရက်က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လေးလောင်းတံတားသည် သက်ရက်တော-လေးလောင်းကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိရာ ယခင်တံတားဟောင်းသည် မိုးရွာသွန်းမှု များပြားပြီး တောင်ကျရေတိုက်စားမှုကြောင့် ပျက်စီးခဲ့၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တံတားအသစ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ လေးလောင်းတံတားသစ်ကို ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိပြီး အရှည် ပေ ၄၀၊ အကျယ် ၁၀ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကာ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နဝကမ္မအလှူငွေများ လှူဒါန်း

နေပြည်တော် မေ ၈

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ သီရိမင်္ဂလာကျောင်းတိုက်၊ မှော်ဘီမြို့နယ် ကွမ်းခြံကုန်းကျေးရွာရှိ ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဘန်တွေးကုန်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ဒိုင်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ တောင်ကုတ်မြို့ရှိ စေတျာရာမဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် သာသနဟိတသုခကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် အောင်ချမ်းသာကျေးရွာရှိ မယ်ဒက်ကယ်ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မကွေးခရိုင်အတွင်း ကျေးရွာကုန်ထုတ်လမ်း ၁၂ လမ်း ဖောက်လုပ်မည်

မကွေး မေ ၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးပြီး ခရိုင်အတွင်း ကျေးရွာကုန်ထုတ်လမ်း ၁၂ လမ်း ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

မကွေးခရိုင်အတွင်းတွင် မကွေးမြို့နယ်၊ ချောက်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်တို့ရှိပြီး အဆိုပါမြို့နယ်များမှ ကျေးရွာ ၂၇ ရွာ၊ အိမ်ခြေ ၅၅၉၉ အိမ်၊ လူဦးရေ ၂၆၀၁၂ ဦးနှင့် စိုက်ပျိုးမြေဧက ၉၇၇၈ ဧကအတွက် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရန်၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် ပိုမိုမြန်ဆန်စွာနှင့် ရောင်းဝယ်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ယခုလို ကျေးရွာကုန်ထုတ်လမ်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာနိုင်ကပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းကို(၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံဖြင့် ကုန်ကျငွေကျပ်သန်း ၄၀၉ ဒသမ ၁၅ သန်း အသုံးပြုပြီး မိုင်ပေါင်း ၁၂ မိုင်ကို ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေဇင်(ကျေးလက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၈ ရက်၌ နယ်စပ်(လွယ်ဂျယ်) တွင် ကုမ္ပဏီ တစ်ခုမှ Vitamin B12 Tablet အခု ၉၉၀၀၊ Benzyli Pencillin Sodium For Injection အခု ၃၆၀၀၊ Vitamin C Tablet အခု ၃၅၁၆၀၊ Oxytetracyclin Tablet ၆၀၀၀ Kg၊ Vitamin B12 Tablet ၂၉၁၉၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ မိုးရာသီချေးငွေ ထုတ်ချေးရေးရှင်းလင်းအသိပေး

နေပြည်တော် မေ ၈

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း နတ်တလင်း၊ ပေါင်းတည်၊ ရွှေတောင်၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပြည်နှင့် ပန်းတောင်းမြို့နယ်များသို့ မေ ၂ ရက်မှ ၆ ရက်အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင်များသည် ဘဏ်၏ ၂၀၂၂ ခုနှစ် မိုးရာသီ ချေးငွေ တောင်သူများသို့ထုတ်ချေးမည့်ကိစ္စရပ်များနှင့် အချိန်စေ့လွန် ကြွေးကျန်များ ကောက်ခံရရှိရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူသုံးသိန်းကျော်အတွက် လိုအပ်သော စိုက်ပျိုးစရိတ် ချေးငွေများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ ဧယျဇော်

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"
"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"
"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"

# တောင်ကြီးမြို့တွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

တောင်ကြီး မေ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ယူစီတီ (UCT)ဟိုတယ် အစည်းအဝေးခန်းမ၌ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။(ဓာတ်ပုံ)

အခမ်းအနားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီက မြန်မာနိုင်ငံကြက်ခြေနီ အသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်မှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) လားရှိုး ကိုယ်စားလှယ်ရုံးခွဲ တာဝန်ခံ Piotr Dergiel က ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား ကျင်းပခြင်းအကြောင်းရှင်းလင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် လူသားချင်း စာနာထောက်ထားပြီး ပါဝင်ကူညီခဲ့ကြသည့် ကြက်ခြေနီစေတနာ လုပ်အားရှင်များကို ရှမ်းပြည်နယ် (တောင်ပိုင်း)ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကာ ကြက်ခြေနီစေတနာ လုပ်အားရှင်များက ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားပြီး လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို Video Clip ဖြင့် ပြသခဲ့ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

နိုင်းသန်းကျော်
(တောင်ကြီး)

# နေပြည်တော် ရန်အောင်မြင်တောရကျောင်းတွင် တနင်္ဂနွေ ဓမ္မကျောင်းတော်သင်တန်း ပြန်လည်ဖွင့်လှစ်

နေပြည်တော် မေ ၈

မြန်မာ့မြေပေါ်တွင် ဗုဒ္ဓသာသနာတော် အစွန့်ရှည်ကြာတည်တံ့နိုင်ရေးသည် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၏ ပဓာနရည်မှန်းချက် ဖြစ်သကဲ့သို့ အဆိုပါ ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ပရိယတ္တိသာသနာပြုလုပ်ငန်း၊ ပဋိပတ္တိသာသနာပြုလုပ်ငန်းနှင့် သာသနာပြု ပရဟိတလုပ်ငန်းစဉ်များကို စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နေပြည်တော် ယဉ်ကျေးလိမ္မာစင်တာ တနင်္ဂနွေဓမ္မကျောင်းတော် သင်တန်းများကို ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်းသည် သိသိသာသာကျဆင်းသွားခဲ့ပြီဖြစ်၍အခြေခံပညာကျောင်းများအနေဖြင့်လည်း နွေရာသီကျောင်းပိတ်ရက်ဖြစ်သဖြင့် တနင်္ဂနွေဗုဒ္ဓဓမ္မကျောင်းတော် သင်တန်းများကို နေပြည်တော် ဇဗ္ဗူသီရိမြို့နယ် ဇဗ္ဗူသီရိရပ်ကွက် ရန်ကင်းတောရ မြို့တော်ဝန်ကျောင်းတွင် ပြီးခဲ့သည့် ဧပြီလမှစ၍ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၀၈ ခုနှစ် ဧပြီ ၁ ရက်က နေပြည်တော်တွင် စတင်ဖွင့်လှစ်ခဲ့သည့် တနင်္ဂနွေဓမ္မကျောင်းတော်သည် ယခုအခါ နိုင်ငံတစ်ဝန်းဓမ္မကျောင်းတော်ပေါင်း ၁၃၁ ကျောင်း ဖွင့်လှစ်ကာ သာသနာပြုလျက်ရှိကြောင်း၊ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြဆရာဖြစ် သင်တန်းများ၊ ဆရာ ဆရာမ မွမ်းမံသင်တန်းများ၊ နယ်လှည့်သင်တန်းများ၊ ရုံးဌာနများနှင့် ပုဂ္ဂလိကကျောင်းများမှ တင်ပြတောင်းခံလာသည့် သင်တန်းများနှင့် လူငယ်သင်တန်းများစွာကို ဖွင့်လှစ်ခဲ့ရာ ၂၀၂၀ ခုနှစ် ဧပြီ ၃၀ ရက်အထိ သင်တန်းအကြိမ်ပေါင်း ၉၁၉ ကြိမ် ပို့ချခဲ့ပြီးဖြစ်ကြောင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၆၄၀၃၃ ဦး သင်တန်းတက်ရောက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ကိုဝေါက်(ဥက္ကာမြေ)

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၈

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာများသို့ကွင်းဆင်း၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ၌ ယနေ့နံနက် ၁၀ နာရီတွင် အမှတ် (၁၉) ရပ်ကွက်ရှိ အသက် (၁၈) နှစ်ပြည့်၊ အသက် (၁၀)နှစ်ပြည့် ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ရန် ကျန်ရှိသူများကို လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် ဝန်ထမ်းများက ပြုလုပ်ပေးကြောင်း သိရသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန လှိုင်သာယာ (အနောက်ပိုင်း) ရုံးတွင်လည်း လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်စို့ ဆောင်ပုဒ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို နေ့စဉ်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သိန်းသိန်း
(လှိုင်သာယာ)

# တရားမဝင် သစ်မျိုးစုံနှင့် အလှကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အလှကုန် ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၅၈၄၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး (ဓာတ်ပုံ) အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်

ထို့ပြင် မေ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်တွင်း လိုင်စင်မဲ့ Toyota Townace အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## ဖမ်းဆီးရမိ

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ပြည်- တောင်ကုတ်ကားလမ်း မိုင်တိုင်(၁၈/၁-၂)တွင် တရားမဝင် ကျွန်းတံခါးချပ်နှင့် ပျဉ်းကတိုး ကျည်းပေါင်များ (၁ ဒသမ ၃၃၂၄)တန်၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၅၄၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၄၁၃ ၈၈၀ ) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## သီပေါ၌ ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

သီပေါ မေ ၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်မောင်မယ်များတက်ရောက်ကြပြီး တပ်ဖွဲ့ဝင်များက ကြက်ခြေနီသန္နိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ကြက်ခြေနီနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို အသင်းဥက္ကဋ္ဌဦးစိုင်းဇော်ဝင်းက ဖတ်ကြားပြီး ကြက်ခြေနီနေ့ဖြစ်ပေါ်လာသောသမိုင်းကြောင်းကို ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လှုက ပြောကြားသည်။ ထို့နောက် ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ စွမ်းစွမ်းတမံကူညီဆောင်ရွက်ခဲ့သော မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုင်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်သည်။

ဆက်လက်၍ မီးဘေးသင့်အိမ်ထောင်စု နှစ်စုကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်မှ ပေးပို့သော အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကွမ်းလုံမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အသိပညာပေးပြပွဲများပြုလုပ်

ကွမ်းလုံ မေ ၈

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် အသိပညာပေးပြပွဲများကို ယနေ့နံနက်ပိုင်းက ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းခွဲရုံးတွင် ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီ အသင်းခွဲဥက္ကဋ္ဌ ဦးစောသန်းလွင်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ကပေးပို့သည့် သဝဏ်လွှာဖတ်ကြားသည်။ ဆက်လက်၍ ခရိုင်ကြက်ခြေနီအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းကပြုလုပ်သည့် ရှေးဦးသူနာပြုစုနည်း စွမ်းဆောင်ရည်ဆုရရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းတွင် စွမ်းဆောင်ရည်ဆုရရှိသူများ၊ သွေးအလှူရှင်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသူများက မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာတိုင်နှင့် ကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုသည့်ပစ္စည်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/၆)၊ လူနေရပ်ကွက်အမှတ်(၁၈/၈)၊ တနင်္သာရီလမ်း၊ မြေကွက်အမှတ်(၁၅၇၉)၊ အကျယ်အဝန်း(၂၀ပေ × ၆၀)ပေရှိ ဦးမြင့်သိန်း(၁၂/ဥကမ(နိုင်)......)အမည်ပေါက် မြေရှုပါမစ်မြေကွက်နှင့် နေအိမ်အဆောက်အအုံအား ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံသူ ဦးမျိုးညွန့်(၁၂/တာမန(နိုင်)၀၇၃၅၁၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇော်မျိုးနိုင် L.L.B, D.B.L. အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)
ယုံအပ်ညွှန်ကြားချက်အရ
ဦးတင်ကိုလှိုင် L.L.B အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂)
ဖုန်း - ၀၉၂၅၀၂၉၀၇၈၀ ၊ ၀၉၂၅၀၈၇၇၇၂၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)လူနေရပ်ကွက်အမှတ်(၂၉)၊ အောင်ဇေယျာ(၆)လမ်း၊ မြေကွက်အမှတ်(၈၈)အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်သန်းဇော်(BF-၀၅၄၀၈၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အမှတ်မှ တရားဝင်ခွဲဝေပိုင်ဆိုင်သော(ခေါင်းရင်းမြမ်း)အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံ အစုစုအားလုံးတို့ကို အဆိုပါနှစ်(၆၀)ဂရန်အမည်ပေါက်သူ၏ သားသမီးများဖြစ်ကြသည့် ဒေါ်ထွေးထွေးအောင်(၁၂/ဒဂမ(နိုင်)၁၁၀၃၉၀)၊ ဦးဝင်းနိုင်အောင်(၁၂/ဒဂတ(နိုင်)၁၁၄၄၆၀)၊ ဦးသက်နိုင်အောင်(၁၂/ဒဂတ(နိုင်)၁၇၈၅၇၈)၊ ဦးဆန်းနိုင်အောင်(၉/မနန(နိုင်)၁၁၁၂၅၈)နှင့် ဒေါ်လှိုင်လှိုင်အောင်(၁၂/ဒဂတ(နိုင်)၀၀၇၈၂၈)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇော်မျိုးနိုင် L.L.B, D.B.L. အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃)
ယုံအပ်ညွှန်ကြားချက်အရ
ဦးတင်ကိုလှိုင် L.L.B. အထက်တန်းရှေ့နေ (စဉ်-၅၀၅၈၂)
ဖုန်း - ၀၉၂၅၀၂၉၀၇၈၀ ၊ ၀၉၂၅၀၈၇၇၇၂၉ ၊

## ကျောက်ဆည်မြို့၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ဆည် မတ် ၈

တနင်္သာရီတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျောက်ဆည်မြို့၌ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဌာနတွင်း ဝန်ထမ်းများ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းမှ သင်တန်းသားများအား ယမန်နေ့က အသိပညာပေး ဟောပြောသည်။

ဟောပြောဆွေးနွေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြသီတာက စားသုံးသူရေးရာဦးစီးဌာနပေါ်ပေါက်လာပုံ၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စားသုံးသူကာကွယ်ရေး ဥပဒေများ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လာလျှင် ပြန်လည်ကုစားခွင့်များ၊ အသိပေးတိုင်ကြားနိုင်သည့်နည်းလမ်းများစသည့်အကြောင်းအရာများကို အသိပညာပေးပြောကြားသည်။

ယင်းနောက် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသူ/သင်တန်းသားများအား စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်း ကောက်ယူနိုင်ရေးအတွက် မေးခွန်းလွှာများ ဖြည့်စွက်စေကြောင်း သိရသည်။

ကျော်စိုး(ကျောက်ဆည်)

## သမဝါယမအသင်း အရောင်းဆိုင်များမှ အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချ

ပဲခူး မေ ၈

သမဝါယမအသင်းများ၏ အရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦးမြို့နယ် သမဝါယမအသင်းနှင့် ပဲခူးမြို့နယ် နန်းတော်ရာစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း လီမိတက်အရောင်းဆိုင်များမှ ဆန်၊ ဆီ အပါအဝင် လူသုံးကုန်နှင့် အိမ်သုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကို အသင်းသားပြည်သူများသို့ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (ဓာတ်ပုံ)

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၇) ......လမ်း မြေကွက်အမှတ်(၃၃၃) (၄၀×၆၀)ပေ ......၊ နံပါတ်(၃၃၃/က) (၂၀×၆၀)ပေ ......မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ ...... ဦးတင်အောင် ...... ဒေါ်သန်းမင်းအောင်(၇/ဘကန(နိုင်)......) ...... (၇)ရက်အတွင်း ...... ဥပဒေနှင့်အညီ ...... ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးသိန်းထူး L.L.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၀၅)
ဦးဇော်မိုးလွင် L.L.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၇၃)
ရုံး - ......၊ ......(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ......

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ ယုဇန လမ်း၊ မြေကွက်အမှတ်(၇၉၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသိန်းဝင်း(BG- ၀၂၇၀၄၆)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအစုစုအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမိုးဆန်းဦး (၈/မမန(နိုင်) ၁၄၃၄၄၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး L.L.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဒေါ်လင်းလင်းထက် L.L.B. အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၀)
Hein Htet San Law Firm ဖုန်း-၀၉၅၅၅၀၆၀၄၄၆၊ ၀၉၄၅၅၅၀၆၀၄၄၆

စာအုပ်
စာပေ
လူ
မိတ်ဆွေ

**ဆိုင်ကယ်မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 3BB/72884, Honda Dream 125 ယာဉ်မှတ်ပုံတင်လက်မှတ်ရှိသူ ဦးအေးလွန်း ၉/တပတ(နိုင်) ......လ(......) ပျောက်ဆုံးသွား၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ......အထောက်အထားများဖြင့် ...... ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ယာဉ်မှတ်ပုံတင်ရုံး(......မြို့)

## ဒလမြို့နယ်သို့ သောက်သုံးရေများ လာရောက်လှူဒါန်း

ရန်ကုန် မေ ၈

ဒလမြို့နယ်ရှိ သောက်သုံးရေအခက်အခဲနှင့် တွေ့ကြုံနေလျက်ရှိသည့် အုံကြီးအနောက်ရပ်ကွက် ဘုရင်နောင် (၂) လမ်း (နီဗွာန်လမ်း)နေ ပြည်သူများအား ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားသည့် အဖြူရောင်ယဉ်သူယဉ်ချင်းများ ပရဟိတအဖွဲ့က မေ ၈ ရက်တွင် သောက်သုံးရေဂါလန် ၇၂၀၀ လာရောက်လှူဒါန်းသည်။

အဆိုပါ အဖြူရောင်ယဉ်သူယဉ်ချင်းများ ပရဟိတအဖွဲ့ကို ၂၀၁၅ ခုနှစ်အတွင်းဖွဲ့စည်းခဲ့ပြီး ရန်ကင်းမြို့နယ် ကလေးဆေးရုံကြီးတွင် အပတ်စဉ်အာဟာရအနေဖြင့် ထမင်းနှင့်ဟင်းများနှင့် မုန့်မျိုးစုံတို့ကို ကျွေးမွေးလှူဒါန်းခြင်းနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းခြင်းများပြုလုပ်လျက်ရှိကြောင်း၊ သောက်သုံးရေအခက်အခဲ တွေ့ကြုံနေရသည့် ဒလမြို့နယ်သို့ ပထမဆုံးအကြိမ် ရေအလှူလာရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း အဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မောင်ယဉ်ဦး၊ ဓာတ်ပုံ-အုံကြီးမောင်(ဒလ)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း

မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ဗိသုကာထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် မြန်မာအဓိပ္ပါယ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၂၀ ဆူ | ၅၀၀ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေကန်အကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၄၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေကန်အသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာ့လက်ရာဇက်လှ ခြင်္သေ့ ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၄၄ ခန်း | ၄၁၁ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ တောင်တိုင်(ကျောင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၀၆ တိုင် | ၇၄ တိုင် |
| ၁၀။ | မဟာရံတံတိုင်း မီနဲတောင်ကျောင်ကနုတ်ပန်း (ကျောင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၀ ခု | ၅၆၂ ခု |
| ၁၁။ | ကျောင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မ ထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၄။ | ကြေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၀ ကျင်း | ၁၆၃၆. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ ကျောင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် ယက်ရှန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းအားလျှောကား (၂) စင်္ကြန်နှင့်ယက်ရှန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များတွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရှောင်းခြောင်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေယ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ပတ်စ်ပို့ပျောက်

ကျွန်မ [illegible] ၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

ဖုန်း-[illegible]

## တရားဝင်ကြေညာချက်

[illegible]

## အမည်မှန်

[illegible]

ဆွေမျိုးများ ဆွေသိမ်းရွှေ

## ပြည်ထဲရေးဝန်ကြီးဌာန
## ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် [illegible] ဆောင်ရွက်ရန် [illegible] အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၉-၅-၂၀၂၂ရက်မှ ၂၂-၅-၂၀၂၂ရက်အထိ |
| ၃။ တင်ဒါနောက်ဆုံးလက်ခံမည့်ရက်နှင့်အချိန် | - | ၂၃-၅-၂၀၂၂ရက် ညနေ ၄နာရီ |

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဆောင်ရွက်ပြီး ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

တင်ဒါကော်မတီ

ဖုန်း-၀၈၃-၂၂၃၀၈၀၊ ၀၈၃-၂၂၃၀၈၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ်(ငွေလုံးငွေရင်း)ရန်ပုံငွေ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ် ပါသည်-

| | | |
|---|---|---|
| (က) အသေးစိတ်ရှင်းလင်းမည့်ရက် | - | ၉-၅-၂၀၂၂ရက် (တနင်္လာနေ့) |
| (ခ) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၁၃-၅-၂၀၂၂ရက် (သောကြာနေ့) (ရုံးချိန်အတွင်း) |
| (ဂ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၂၅-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီ |
| (ဃ) တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက် | - | ထပ်မံကြေညာပါမည်။ |
| (င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ရုံးအတွင်းရေးမှူး(ဖိုင်တွဲ) ဝယ်ဦးစီးဌာန၊ အစည်းအဝေးခန်းမ လွိုင်ကော်မြို့ |

၂။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအတွင်းရေးမှူး(ဖိုင်တွဲ) ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း-[illegible] သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် [illegible] မြေကွက်အမှတ် [illegible] [illegible]

လုပ်ပိုင်ခွင့်ရကြောင်းများအရ-

| | |
|---|---|
| ဒေါ်ခင်မာမြင့်(LL.B,C,PGDIL) | ဒေါ်ခင်မြတ်သူ(LL.B,D.B.L,D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-[illegible]) | တရားလွှတ်တော်ရှေ့နေ(စဉ်-[illegible]) |
| [illegible] | [illegible] |
| ဖုန်း-[illegible] | ဖုန်း-[illegible] |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

[illegible]

ဒေါ်ခင်ဆိုကောင်း(LL.B, D.B.L, D.M.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])

ဖုန်း- [illegible]

## မိဘအမည်မှန်

[illegible]

## မိဘအမည်မှန်

[illegible]

## မိဘအမည်မှန်

[illegible]

## မိဘအမည်မှန်

[illegible]

## မိဘအမည်မှန်

[illegible]

## အမည်ပြောင်း

[illegible]

## အများသိစေရန်ကြေညာခြင်း

[illegible]

## စာအုပ်စာပေ လှူဒါန်းမိတ်ဆွေ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ [illegible]

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို [illegible] ရက်နေ့မှ စတင်ရောင်းချမည့် သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၅-၅-၂၀၂၂)ရက်နေ့(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-[illegible] ဖုန်းနံပါတ်သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး [illegible]

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို [illegible] ရက်နေ့မှ စတင်ရောင်းချမည့် သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၅-၅-၂၀၂၂)ရက်နေ့(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-[illegible] ဖုန်းနံပါတ်သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် 4R/3870, Toyota Alphard, Micro Bus ယာဉ်ပိုင်ရှင် [illegible] ၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးသွားသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ [illegible]

## အများသိစေရန်ကြေညာခြင်း

[illegible]

ဦးအောင်မင်းကြည် (တရားလွှတ်တော်ရှေ့နေ)

[illegible]

ဖုန်း-[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၃) ဇော်ဂျီလမ်း မြေကွက်အမှတ်(၂၄၀) [illegible] ကန့်ကွက်လိုပါက [illegible] ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်ဇော်

[illegible]

ဖုန်း-[illegible]

## ရန်ကုန်တိုင်းဒေသကြီး [illegible] ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

[illegible]

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်
## လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ် (မိတ္ထီလာ၊ ရွှေဘို၊ မြင်းခြံ၊ နေပြည်တော်)နှင့် အစိုးရတက္ကသိုလ်များ [illegible] နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၂၈) ကျောင်းတို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူ ရွေးချယ်မည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘောအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး [illegible] ကျင့်ဆောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် [illegible] ဖြင့် အောင်မြင်သူဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုခဲ့သည့် [illegible] ရမည်။

၃။ အစိုးရနည်းပညာကောလိပ် အစိုးရတက္ကသိုလ်များအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ(အဆင့်(၁)ပါ ကျောင်းပေါင်း(၂၄) [illegible] ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ခ) စက်မှုအင်ဂျင်နီယာ(အဆင့်(၁)ပါ ကျောင်းပေါင်း [illegible] ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အဆင့်(၁)ပါကျောင်းပေါင်း(၂၄) ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ဃ) စက်မှုအင်ဂျင်နီယာ (အဆင့်(၁)ပါ ကျောင်းပေါင်း(၂၄) [illegible] ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(င) [illegible]

(စ) [illegible]

(ဆ) [illegible]

(ဇ) [illegible] (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

(ဈ) [illegible] (ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက [illegible] A.G.T.I (၃)နှစ်သင်တန်းများတွင် [illegible] BE နှင့် B.Tech သင်တန်းများ သို့ [illegible] လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရတက္ကသိုလ်များ၌ (၁၂-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို (၂၁- ၅ -၂၀၂၂) ရက် နောက်ဆုံးထား၍ [illegible] ပြန်လည်တင်သွင်းရမည်။

၆။ [illegible]

(က) [illegible]

(ခ) [illegible]

(ဂ) [illegible]

(ဃ) [illegible]

၇။ [illegible]

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ဒေါ်ရိုရိုမြင့်နှင့်အများသိစေရန် ကြေညာခြင်း

[illegible]

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ် (ဘဏ္ဍာရေးနှစ်ဖြစ်ရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန် စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော ကုမ္ပဏီအသစ် ဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဌာနခွဲသို့ အခွန်ထမ်းမှတ်ပုံတင်ရန်နှင့် အခွန်စည်းကြပ်မှုခံယူရမည့်ရုံး သတ်မှတ်ပေးရန် ဦးစွာလျှောက်ထားရန်ဖြစ်ပြီး အခွန်ထမ်းဝန်ဆောင်မှုဌာနခွဲက သတ်မှတ်ပေးသည့်အခွန်ရုံးတွင် ကြေညာလွှာ တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီး ဌာနရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည်-

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါကလက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်တုံးနှိပ်ပေးသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက်တံဆိပ်ပါရက်စွဲ တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရွန်နစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူ့ရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူ့ရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ် ပါသည်။ အီလက်ထရွန်နစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရွန်နစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် (e-Filing Management System)ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အခွန်ကြေညာလွှာများကို စနစ်အသုံးပြု၍ တင်သွင်းရာတွင် ဖြည့်သွင်းသော အချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုအတွက် အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးများသို့ စာတိုက်မှတစ်ဆင့် (သို့မဟုတ်) သင့်လျော်ရာနည်းဖြင့် ကြိုတင်ပေးပို့ထားရမည်ဖြစ်ပါသည်။ အီလက်ထရွန်နစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန် အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်း အခွန်များဦးစီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www.ird.gov.mm > Media Menu (https://www.ird. gov.mm/my/content/video) တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ် အလတ်အခွန်ထမ်းများ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရွန်နစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ် ပါသည်။ (အခွန်ကြေညာလွှာပုံစံများကို သက်ဆိုင်ရာအခွန်ရုံးများနှင့် ဌာန၏ Website ဖြစ်သော www.ird.gov.mm မှ ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏မှန်ကန်တိကျမှုနှင့်ပြည့်စုံမှုကိုတာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

